# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ သီတင်းကျွတ်လဆန်း (၂)ရက် ၊ တနင်္လာနေ့ ၊ (16-10-2023) ၊ အတွဲ (၃၂) ၊ အမှတ် (၁၆၉)

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကျင်းပ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်းပြောကြား





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ဆိုင်ရာ မိန့်ခွန်းပြောကြားစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅** တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) (MICC-II)၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံး ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟို ကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်မိန့်ခွန်း ပြောကြားသည်။ 

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**



ရတနာပုံ
၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်
အယ်ဒီတာ့အာဘော်

# ဝါလကင်းလွတ်သီတင်းကျွတ်ချိန်ခါ

မြန်မာတို့သည် ပစ္စုပ္ပန်နှင့် အနာဂတ်ကို အကောင်းမြင်တတ်သူများ၊ အကောင်းမျှော်လင့်တတ်သူများဖြစ်ကြသည်။ ဤသည်မှာ မြန်မာ့စိတ်ရင်းဖြစ်သည်။ မြန်မာ့စိတ်ရင်းဆိုရာ၌ မိမိတို့ဘဝများတွင် အေးချမ်းစွာနေထိုင်ကြသည်။ အေးချမ်းစွာရင်ဆိုင်ကြသည်။ ထို့ပြင် ကြုံတွေ့လာသည့် အခက်အခဲများကိုလည်း အေးဆေးတည်ငြိမ်စွာဖြင့် ကျော်လွှားနိုင်ကြသည်။ ဤသည်ကို မြန်မာတို့၏ ဆယ့်နှစ်လရာသီပွဲတော်များကိုကြည့်လျှင် သိမြင်နိုင်ပေသည်။

မြန်မာဆယ့်နှစ်လရာသီပွဲတော်လများတွင် သီတင်းကျွတ်လ သီတင်းကျွတ်ပွဲတော်မှာ သတ္တမမြောက်လဖြစ်သည်။ ဤအခါသမယသည် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးအားနည်းသောလလည်းဖြစ်သည်။ သီတင်းကျွတ်လတွင် ပလ္လင်ဆေးမိုးရွာသွန်းပေးသည်။ ဘုရားဆွမ်းတော်တင်သည့် ပလ္လင်တော်ကို နောက်ဆုံးဆေးကြောသည့်အနေဖြင့် နှုတ်ဆက်ရွာသွန်းသောမိုးဟု ဆိုကြပေသည်။ ရဟန်းသံဃာတော်များ ဝါတွင်းသုံးလသီတင်းသုံးကြရာမှ ကျွတ်လွတ်သောလဖြစ်၍ "ဝါလကင်းလွတ်သီတင်းကျွတ်"ဟု ခေါ်ဝေါ်ကြသည်။ ထို့ပြင် တောင်သူလယ်သမားများ မြကမ္ဗလာအဆင်းရှိသော စပါးခင်းတို့ကိုကြည့်ကာ ပီတိဖြာနေသောအချိန်အခါလည်းဖြစ်ပေသည်။

သီတင်းကျွတ်လကို ဗေဒင်အခေါ်အဝေါ်အားဖြင့် တူရာသီဟုခေါ်သည်။ ထိုရာသီတွင် အဿဝနီနက္ခတ်သည် စန်းဟုခေါ်သော လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပသည်။ ရာသီရုပ်မှာ ချိန်ခွင်ကို ကိုင်စွဲသော ယောကျ်ားရုပ်သဏ္ဍာန်ဖြစ်၍ ထိုလ၌ ငုံအာစွင့်စွင့် ရေထက်မြင့်ကာ ဖူးပွင့်နေကြသော ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ်၊ ကြာခေါင်းလောင်း(ပဒုမ္မာ)ဟူသော ကြာမျိုးငါးပါးတို့မှာ ထိုလ၏ ရာသီပန်းများဖြစ်ကြသည်။

သီတင်းကျွတ်လတွင် ဆီမီးမြင်းမိုရ်ပွဲ ခေါ် တာဝတိံသာပွဲကို ရာသီပွဲအဖြစ် ကျင်းပလေ့ရှိသည်။ မြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာဒေသနာတော်ကို ဝါတွင်းသုံးလပတ်လုံး ဟောပြီးနောက် သီတင်းကျွတ်လပြည့်နေ့တွင် လူ့ပြည်သို့ ပြန်ကြွလာသည်ကိုအကြောင်းပြု၍ သီတင်းကျွတ်လပြည့်ညတွင် ဗုဒ္ဓဘာသာဝင်အပေါင်းတို့က ဆီမီးများထွန်းညှိပူဇော်ကြကာ ကြိုဆိုကြသည်။ ရောင်စုံမီးများဖြင့် ထွန်းညှိပူဇော်ကြသည်။ မိဘ၊ ဆရာနှင့် သီလ၊ သမာဓိပညာမြင့်မားသူများ၊ အသက်အရွယ်ကြီးသူများကို လူငယ်များက ကန်တော့ကြသည်။

သီတင်းကျွတ်လတွင် ရှေးက ဆီမီးတိုင်များနှင့် ထွန်းညှိပူဇော်ရာမှ တိုးတက်လာသောမျက်မှောက်ကာလတွင် ရောင်စုံအလှမီးများဖြင့် ထွန်းညှိပူဇော်လာကြသည်ကို တွေ့ရသည်။ ဝတ်ကောင်းစားလှဝတ်ဆင်ကြ၍ သီတင်းကျွတ်မီးထွန်းပွဲတော်များ၊ ပွဲလမ်းသဘင်များ ဆင်နွှဲကြသည်။ မိသားစုအလိုက်၊ လူငယ်လူရွယ်များအလိုက် ပွဲဈေးတန်းများတွင် ပျော်ရွှင်စွာလည်ပတ်ကြသည်။ ဘုရား၊ ကျောင်း၊ နေအိမ်နှင့်လမ်းတို့တွင်လည်း ဆီမီးများထွန်းညှိပူဇော်ကြသည်။

သို့ဖြစ်ရာ ဝါလကင်းလွတ်သီတင်းကျွတ်ချိန်ခါတွင် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်ပြီး ပွင့်လင်းရာသီသို့ ရောက်ရှိတော့မည်ဖြစ်သည်။ သီတင်းကျွတ်ချိန်ခါတွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားအား ဆီမီးပူဇော်ခြင်း၊ မိဘ၊ ဆရာတို့ကို မင်္ဂလာတရားတော်နှင့်အညီ ကန်တော့ကြခြင်း၊ ဥပုသ်သီတင်းသီလဆောက်တည်ခြင်းတို့ကို လုပ်ဆောင်ကြလေ့ရှိသည်ဖြစ်ရာ မင်္ဂလာတရားနှင့်ပြည့်စုံသော အချိန်အခါကာလတစ်ခုဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်



**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားများသို့ ဘုရားဖူးပြည်သူများ နေ့စဉ်လာရောက်ဖူးမြော်လျက်ရှိကြောင်း ဘုရားဂေါပကအဖွဲ့များထံမှ သိရသည်။

ယနေ့တွင် မန္တလေးမြို့ရှိ တန်ခိုးကြီး ဘုရားများဖြစ်သော မဟာမုနိရုပ်ရှင်တော်၊ မန္တလေးတောင်တော်နှင့်ဝေရောစနကျောက်စိမ်းစေတီတော်တို့တွင် ဘုရားဖူးရဟန်းသံဃာတော်များနှင့် ပြည်သူစုစုပေါင်း ၂၉၃၁၉၈ ဦး လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

"မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်က ဘုရားဖူးတွေ နေ့စဉ် လာရောက်ဖူးမြော်ကြပါတယ်။ နေ့ထူးနေ့မြတ်၊ အခါကြီးရက်ကြီးတွေဆို ဝင်ရောက်ဖူးမြော်သူတွေနဲ့စည်ကားနေပါတယ်။ ဘုရားရိပ်၊ တရားရိပ်က အေးချမ်းတဲ့အတွက် နယ်တွေကကော မြို့ပေါ်ကပါ လာရောက်ပြီး တရားထိုင်သူတွေ ရှိကြပါတယ်။ ဘုရားဖူးတွေက ပြတိုက်တွေ၊ ကြေးရုပ်ကြီးတွေဆီကိုလဲ သွားရောက်လေ့လာကြပါတယ်။ ဆိုင်ခန်းတွေလဲ နေ့စဉ်ဖွင့်လှစ်ရောင်းချနေပြီး ဝယ်ယူသူတွေနဲ့ စည်ကားနေပါတယ်။ ဘုရားဖူးတွေ မိသားစုလိုက်၊ အဖွဲ့လိုက် နေပူ၊ မိုးရွာတဲ့အခါ အေးအေးဆေးဆေး အနားယူလို့ရအောင်လဲ နားနေဆောင်တွေ ဆောက်လုပ်ပေးထားပါတယ်"ဟု မဟာမုနိရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်သို့ ယနေ့ ညနေထိ ဘုရားဖူး ၂၈၉၆၀၈ ဦး လာရောက် ဖူးမြော်ခဲ့ကြောင်း၊ ဘုရားကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ဘုရားဖူးရဟန်းရှင်လူ ပြည်သူများအနေဖြင့် မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်နိုင်ကြောင်း သိရသည်။

ဝေရောစနကျောက်စိမ်းစေတီတော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ ညနေထိ ဘုရားဖူး ၂၄၆၅ ဦး လာရောက်ဖူးမြော်ကြောင်း ဝေရောစန ကျောက်စိမ်းစေတီတော် ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဦးက ပြောပြသည်။

ထို့အတူ မန္တလေးတောင်တော်ကို နံနက် ၆ နာရီမှ ညနေ ၆ နာရီထိ ဖွင့်လှစ်ပေးထားကြောင်း၊ ယနေ့ ညနေထိ ဘုရားဖူး ၁၁၂၅ ဦး လာရောက်ဖူးမြော်ကြောင်း မန္တလေးတောင်တော် ဂေါပကအဖွဲ့အုပ်ချုပ်ရေးမှူး ဦးစိုးကြည်က ပြောပြ၍ သိရသည်။ (၁၈၅)

# မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့်ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဖြင့် ဈေးကောင်းရရှိနေ

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ဖြင့် ဈေးကောင်းရရှိနေကြောင်း မန္တလေးမြို့မှ အောင်ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

ယခုအခါ မန္တလေးဈေးကွက်အတွင်း မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီများကို ကုန်သည်များက အဝယ်လိုက်လာခြင်းကြောင့် ဈေးကောင်း ရရှိလာကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ကလည်း မြင်းခြံမှထွက်ရှိသည့် ကြက်သွန်နီများကို ဝယ်ယူမှုများရှိကြောင်း သိရသည်။

"အခု မြင်းခြံဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကြက်သွန်နီ လက်လီ၊ လက်ကားဖြန့်ဖြူးရောင်းချတဲ့လုပ်ငန်းရှင်တွေ တော်တော်လေး အဝယ်များလာတယ်။ မန္တလေးဈေးကွက်ထဲမှာလဲ အရောင်းအဝယ် တော်တော်လေး ပြန်ပြီးကောင်းနေတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း အောက်တိုဘာလ ပထမပတ်က မြင်းခြံဘက်မှထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ခန့်သာ ပေါက်ဈေးရှိခဲ့သော်လည်း အောက်တိုဘာ ၁၄ ရက် ပေါက်ဈေးအရ မြင်းခြံဘက်မှ ထွက်ရှိသည့် ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၃၀၀ ပေါက်ဈေးရှိကြောင်း သိရသည်။

"အခုကတော့ မန္တလေးဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ အရောင်းအဝယ်ပြန်ဖြစ်နေတယ်။ အရောင်းအဝယ်အကောင်းဆုံးအနေအထားမှာရှိနေတာကတော့ မြင်းခြံဘက်ကထွက်ရှိတဲ့ အရည်အသွေးကောင်းမွန်တဲ့ ကြက်သွန်နီတွေဖြစ်ပါတယ်"ဟု ဒေါ်မေသဲဆွေက ဆက်လက်ပြောပြ၍ သိရသည်။ (၁၈၄)

# ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၉ သန်းကျော် ထုတ်ချေးပေးပြီးဖြစ်

**မန္တလေး အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲက ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီအတွက် မြို့နယ် ၁၃ မြို့နယ်ရှိ တောင်သူများကို စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၉ သန်းကျော် ထုတ်ချေးပေးပြီးဖြစ်ကြောင်း အဆိုပါဘဏ်ခွဲမှ တိုင်းဒေသကြီးမန်နေဂျာ ဦးစိုးကိုကိုဝင်းက ပြောပြ၍ သိရသည်။

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲအနေဖြင့် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို စိုက်ဧက ၄၀၀၀၊ တောင်သူ ဦးရေ ၇၀၀၀ အတွက် ငွေကျပ် ၄၂၀၆ ဒသမ ၃ သန်းကို စပါးနှင့် အခြားသီးနှံများ စိုက်ဧကအလိုက် အောက်တိုဘာလ ဒုတိယပတ်မှစ၍ ထုတ်ချေးပေးနေရာ လက်ရှိအချိန်ထိ စိုက်ဧက ၁၃၉ ဧကအတွက် ငွေကျပ် ၁၉ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီးဖြစ်ကြောင်း သိရသည်။

"မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူတွေအကျိုးစီးပွားအတွက် ချေးပေးနေတာပါ။ စိုက်ပျိုးတောင်သူတွေကို နှစ်စဉ် မိုး၊ ဆောင်း၊ မိုးကြိုစိုက်ပျိုးစရိတ်ချေးငွေ ပေးဖို့ လျာထားပြီး စပါးအတွက် တစ်ဧကကို ငွေကျပ် ၁၅၀၀၀၀ နဲ့ အခြားသီးနှံတွေကိုတော့ တစ်ဧကကို ငွေကျပ် ၁၀၀၀၀၀ နှုန်းနဲ့ ထုတ်ချေးပါတယ်။ အတိုးနှုန်းကလဲ ငါးရာခိုင်နှုန်းဖြစ်ပြီး သက်သာတဲ့နှုန်းထားပါ။ ချေးပေးတဲ့အခါ တောင်သူတွေရဲ့ ပုံစံ(၇)ကို အာမခံ ရယူပါတယ်။ ဘဏ်မှာချေးပြီး ဘဏ်မှာဆပ်စနစ် ဖြစ်ပါတယ်။ တောင်သူတွေ စိုက်ချိန်ပျိုးချိန်မှာ အဆင်ပြေအောင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကနေ ထုတ်ချေးပေးနေတာပါ။ အခုဆောင်းသီးနှံစိုက်ပျိုးစရိတ် ချေးငွေကိုတော့ ၂၀၂၄ ခုနှစ် စက်တင်ဘာလမှာ ပြန်ဆပ်ရမှာဖြစ်ပါတယ်"ဟု ဦးစိုးကိုကိုဝင်းက ပြောပြသည်။

ထိုသို့ ထုတ်ချေးပေးနေသည့် မြို့နယ် ၁၃ မြို့နယ်မှာ ချမ်းအေးသာစံမြို့နယ်၊ အမရပူရမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ မတ္တရာမြို့နယ်၊ သပိတ်ကျင်းမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ စဉ့်ကူးမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မြင်းခြံမြို့နယ်၊ ရမည်းသင်းမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့ဖြစ်ကြောင်း သိရသည်။ (၁၈၅)

ထုတ်ဝေခွင့်အမှတ်–၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်–၀၀၁၆၈၊ ဓာတည်းအဖွဲ့–၀၃၃–၇၂၇၈၁၀၉–၄၅၈၈၉၁၃၀၀၊ကြော်ငြာ–၈၄လမ်းနှင့်၂၉–၃၀လမ်းကြား–၀၂–၄၀၆၆၆၅၁၊ ဖြန့်ချိရေး–၀၂–၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇလမ်းနှင့် ဓရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# အုတ်ဖိုမြို့နယ် ရှမ်းစုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု စစ်ဆေး

**အုတ်ဖို အောက်တိုဘာ ၁၅**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေဖြင့် မတောင်းတကျေးရွာအုပ်စု ရှမ်းစုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သာယာဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းလွင်၊ အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးနှင့် ဝန်ထမ်းများက ရှမ်းစုကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် တွေ့ဆုံကာ လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အုတ်ဖိုမြို့နယ် ရှမ်းစုကျေးရွာ၌ အရှည်ပေ ၁၀၀၀၊ အကျယ် သုံးပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ဘီးလမ်းခင်းခြင်းနှင့် ရေသန့်စင်စက်တပ်ဆင်ခြင်း လုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀ အသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများက ယခုနှစ် စက်တင်ဘာလ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၅၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း အုတ်ဖိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်စိုးက ပြောပြ၍ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးမြဝင်း–ဒေါ်သူဇာချိုမိသားစုက ဒေါ်ချိုချိုအေးအားရည်စူး၍ ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဓိမ်ဥက္ကဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ ဂရိတ်ဦးမြဝင်းနှင့် ဆေးရုံအုပ်ဒေါက်တာဦးတင်ဝင်းက လက်ခံရယူစဉ်။

# မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၂၈၅၂၆ ဧက စိုက်ပျိုးပြီးစီး



ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**မြောင်းမြ အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၂၈၅၂၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြ၍ သိရသည်။

မြောင်းမြခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ သီးနှံစုံ ၅၂၈၅၂၆ ဧကကို ဇွန်လ ပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ သီးနှံစုံ ၅၂၈၅၂၆ ဧကတွင် မိုးစပါး ၅၂၁၉၆၄ ဧက၊ ဖူးစားပြောင်း ဧက ၈၀၊ ပဲစင်းငုံဧက ၆၀၊ ပရဆေး လေးဧက၊ ကြံဧက ၃၈၀၊ ပီလောပီနံ ၁၂၇၅ ဧက၊ ဟင်းသီးဟင်းရွက် ၄၇၆၃ ဧက ဖြစ်ကြောင်းသိရသည်။

“ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်းမြခရိုင်မှာ သီးနှံစုံတွေ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ဖို့အတွက် ဒေသခံတောင်သူတွေနဲ့ စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ သီးနှံစုံတွေကို လျာထားချက်ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့နဲ့ ပျက်စီးထိခိုက်မှုမရှိစေဖို့ ပိုးမွှားရောဂါကာကွယ်နှိမ်နင်းရေးနည်းပညာတွေကိုလဲ မိုးသီးနှံတွေမစိုက်မီ မြေပြင်ထိ ကွင်းဆင်းဆောင်ရွက် ပေးခဲ့ပါတယ်။ ဒီလို ဆောင်ရွက်ပေးခဲ့လို့ သီးနှံစုံတွေ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့တာပါ။ ဒါ့ပြင် တောင်သူ အသိပညာပေးလုပ်ငန်းတွေကိုလဲ ဆက်လက် ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်”ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းက ပြောပြသည်။

အဆိုပါသီးနှံစုံများ အခက်အခဲမရှိ စနစ်တကျစိုက်ပျိုးနိုင်ရန်၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးပြီးဖြစ်သည့် မိုးသီးနှံစုံ ၅၂၈၅၂၆ ဧကတွင် မြောင်းမြမြို့နယ်၌ ၁၇၀၀၂၉ ဧက၊ အိမ်မဲမြို့နယ်၌ ၁၄၄၂၀၆ ဧက၊ ဝါးခယ်မမြို့နယ်၌ ၂၁၄၂၉၁ ဧကဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးဝင်းထံမှ သိရသည်။

**ကျော်ကျော်လင်း**

# သိန်းနီမြို့နယ် နမ့်ဟူးတောင်ကျေးရွာ၌ ရေစင်တည်ဆောက်ပြီးစီးမှု စစ်ဆေး

**သိန်းနီ အောက်တိုဘာ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကောင်းဟော်ကျေးရွာအုပ်စု နမ့်ဟူးတောင်ကျေးရွာ၌ အမြင့်တင်ရေစင် တည်ဆောက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်နှင့် တာဝန်ခံအင်ဂျင်နီယာများက နမ့်ဟူးတောင်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင်တည်ဆောက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

သိန်းနီမြို့နယ် နမ့်ဟူးတောင်ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့ အမြင့်တင်ရေစင် တည်ဆောက်ခြင်းလုပ်ငန်းကို ပြည်ထောင်စု(မွှမ်းမံ)ခွင့်ပြုရန်ပုံငွေကျပ် ၁၁ ဒသမ ၁ သန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက ယခုနှစ် ဇူလိုင်လ တတိယပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ပြီးစီးဖြစ်ကြောင်း၊ အဆိုပါအမြင့်တင်ရေစင်တည်ဆောက်ပြီးစီးမှုကြောင့် နမ့်ဟူးတောင်ကျေးရွာရှိ အိမ်ခြေ ၆၂ အိမ်၊ လူ ၂၉၃ ဦးတို့ သောက်သုံးရေ ဖူလုံစွာရရှိနေပြီဖြစ်ကြောင်း သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရာဇာအောင်က ပြောပြ၍သိရသည်။ **အောင်ရဲကျော်**

# သန်လျင်မြို့နယ် သာယာကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**သန်လျင် အောက်တိုဘာ ၁၅**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်ခရိုင် သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျလာစေရန် ရည်ရွယ်၍ သာယာကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ သန်လျင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မြတ်မြတ်မော်နှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်များ၊ ရရှိလာမည့် အကျိုးကျေးဇူးများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်း လက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဥပဒေပါ ကျေးလက်နေပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သန်လျင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခိုင်က စီမံကိန်းစက်ဝန်းကာလသတ်မှတ်ချက်များ၊ အတိုးနှုန်းများကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေများလွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက သာယာကုန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၆ ဦးကို ငွေကျပ် ကိုးသန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၇၉ ဦးကို ငွေကျပ် ၁၈ ဒသမ ၁၇ သန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၇ ဦးကို ငွေကျပ် ၈ ဒသမ ၅၁ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်သူ သုံးဦးကို ငွေကျပ်သုည ဒသမ ၇၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၁၉ ဦးကို ငွေကျပ် ၄ ဒသမ ၅၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**သံသာ**



# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုပို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။ ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀ မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

- စိတ်ညွှန်းတဲ့ခန္ဓာ
  သတိဖြာလို့လှမ်း၊
  စိတ်အလို ကမ်းကုန်မလိုက်နဲ့
  ဖိုးထိုက်မှတ်တမ်း။

- မြင်လေရာ တဇောက်ကန်းဖြင့်
  တစ်ခြမ်းတည်း မှတ်ထင်နေ၊
  အကုသိုလ် ရင်မှာထွင်းတော့
  ပျက်ယွင်းကာလေ၊
  နှစ်ဖက်တွေးလို့ မြင်ပါစေ
  ကမ္ဘာမြေ ငြိမ်းချမ်းရေး၊
  တို့တစ်တွေ တွဲလက်ယှက်မှ
  တိုးတက်မယ်လေး။

- မေတ္တာကို ပိုက်ကာထွေးလို့
  ကောင်းစိတ်မွေး အမြဲသာ၊
  အားလုံးဟာ ညီနောင်ရင်းတွေမို့
  စိတ်ချင်းနီးပါ၊
  ရွှေရောင်ဝင်းလက် ပြည်မြန်မာ
  အေးချမ်းသာယာ ဂုဏ်ရည်တိုး၊
  စည်းလုံးညီညာ တွဲလက်ဆက်ကာဖြင့်
  တိုးတက်ဖွံ့ဖြိုး။ ။

**မင်းသူရိန်(သာကီနွယ်)**

# ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၆၄၁၇၉ ဧက စိုက်ပျိုးပြီးစီး

**မော်လိုက် အောက်တိုဘာ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ၆၄၁၇၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြ၍ သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးသီးနှံစုံ ဧက ၆၄၇၁၀ စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၆၄၁၇၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဖောင်းပြင်မြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ မိုးသီးနှံစုံ ဧက ၆၄၇၁၀ လျာထားစိုက်ပျိုးနေပြီး ၆၄၁၇၉ ဧက စိုက်ပျိုးပြီးပါပြီ။ မိုးသီးနှံစိုက်ပျိုးရာသီမှာ အချိန်မီ စိုက်ပျိုးကြဖို့ ဆောင်ရွက်နေပါတယ်။ စိုက်ပျိုးရေးဆိုင်ရာနည်းပညာတွေလဲ ဆောင်ရွက်ပေးနေပါတယ်"ဟု မော်လိုက်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ကြွယ်ကြွယ်လှိုင်က ပြောပြသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးပြီးစီးမှုအနေဖြင့် မိုးစပါးဧက ၅၃၉၉၀၊ ဆီထွက်သီးနှံ ၃၅ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ ကြံ ၁၂ ဧက၊ အခြားသီးနှံ ၁၀၁၁၅ ဧက စုစုပေါင်း ၆၄၁၇၉ ဧကဖြစ်ကြောင်း သိရသည်။

ဖောင်းပြင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစုံစိုက်ပျိုးရန် လျာထားမှုအနေဖြင့် မိုးစပါး ၅၄၅၁၃ ဧက၊ ဆီထွက်သီးနှံ ၃၅ ဧက၊ စားဖိုဆောင်သီးနှံ ၂၇ ဧက၊ ကြံ ၁၂ ဧက၊ အခြားသီးနှံ ၁၀၁၂၃ ဧက စုစုပေါင်း ဧက ၆၄၇၁၀ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဖောင်းပြင်မြို့နယ်တွင် မိုးသီးနှံစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဆွေးပုံ ပြုလုပ်သုံးစွဲနည်းများ၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖောင်းပြင်မြို့နယ်တွင် ဆောင်းသီးနှံစုံ ၆၃၉၆၄ ဧကစိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ရာ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ (၂၀၆)



ယခင်နှစ်က ဂေါ်ဖီထုပ်စိုက်ခင်းကို တွေ့ရစဉ်။

# ပြင်ဦးလွင်မြို့နယ် အင်းကြီးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၅**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန်ရည်ရွယ်၍ အင်းကြီးကျေးရွာတွင် နဝမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထိုက်၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းဝိသေသများ၊ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းများနှင့် ကာလသတ်မှတ်ချက်များ၊ ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးထိုက်က မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၆၇ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက အင်းကြီးကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၉ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၄၆၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **အေးသူ**



# မြောက်ဦးမြို့နယ် လက်ပန်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဆောင်ရွက်ထားသည့်လုပ်ငန်းများ စစ်ဆေး

**မြောက်ဦး အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက လက်ပန်တောကျေးရွာအုပ်စု လက်ပန်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေဖြင့် ဆောင်ရွက်ထားရှိသည့် စီမံကိန်းလုပ်ငန်းများကို အောက်တိုဘာ ၁၄ ရက် မွန်းလွဲပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးဘစောနှင့် စီမံကိန်းတာဝန်ခံများက လက်ပန်တောကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းများနှင့် လအလိုက်ပြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ စစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးဦးဘစောက ကျေးရွာရပ်မိရပ်ဖများ၊ တာဝန်ရှိသူများ တင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လက်ပန်တောကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်က မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၃၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၅ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၂၆ ဦးနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦး စုစုပေါင်း ၁၀၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း မြောက်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဦးဘစောထံမှ သိရသည်။ **ကိုသန်း**

# နိုင်ငံတကာ သတင်းများ

## ရုရှားတပ်များ ယူကရိန်းရှေ့တန်းမျဉ်းတစ်လျှောက် အခိုင်အမာနေရာယူထားကြောင်း သမ္မတပူတင် ပြောကြား

**မော်စကို အောက်တိုဘာ ၁၅**

ရုရှားတပ်များအနေဖြင့် ယူကရိန်းရှေ့တန်းမျဉ်းတစ်လျှောက် နေရာယူထားနိုင်မှုကို အခိုင်အမာမြင့်တင်ထားကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ယခုနှစ်အတွင်း ပြုလုပ်ခဲ့သော ယူကရိန်း၏ တန်ပြန်ထိုးစစ်ပျက်ပြားခဲ့ရပြီးနောက် ရုရှားတပ်များအနေဖြင့် ရှေ့တန်းမျဉ်းတစ်လျှောက်အခိုင်အမာနေရာယူထားနိုင်ခြင်းဖြစ်ကြောင်း ရုရှားသမ္မတပူတင်က ပြောကြားခဲ့သည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ယူကရိန်းနယ်မြေအကျယ်အဝန်း၏ ၁၇ ဒသမ ၅ ရာခိုင်နှုန်းခန့်ကို ထိန်းချုပ်ထားကြောင်း သိရသည်။

အနောက်အုပ်စုများ၏ အဆိုအရ ယူကရိန်း၏ လေးလကြာ တန်ပြန်ထိုးစစ်မှာ မည်သည့်နယ်မြေကိုမျှ ပြန်လည်ရယူနိုင်မှု မရှိခဲ့ကြောင်း သိရသည်။

ယူကရိန်း၏ တန်ပြန်ထိုးစစ်မှာ လုံးဝအောင်မြင်မှု မရှိခဲ့ကြောင်း ရုရှားသမ္မတပူတင်က ယနေ့တွင် လူမှုမီဒီယာ စာမျက်နှာပေါ်တွင် သုံးသပ်ထားသည်။

သို့သော် လက်ရှိအချိန်တွင် ယူကရိန်းစစ်ဘက်က တန်ပြန်ထိုးစစ်သစ်တစ်ရပ် ဆင်နွှဲရေးအတွက် ပြင်ဆင်နေသည်ဟု သမ္မတပူတင်က ပြောကြားထားကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အမေရိကန်နိုင်ငံက အရှေ့မြေထဲပင်လယ်သို့ ဒုတိယမြောက်လေယာဉ်တင်သင်္ဘောတစ်စီး ထပ်မံစေလွှတ်

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အစ္စရေးနှင့် ဟားမစ်အုပ်စုတို့ကြား စစ်ရေးပဋိပက္ခပြင်းထန်စွာ ဖြစ်ပွားနေစဉ် ဒုတိယမြောက် လေယာဉ်တင် သင်္ဘောတစ်စီးကို အမေရိကန်နိုင်ငံက အရှေ့မြေထဲပင်လယ်ဒေသသို့ စေလွှတ်ထားကြောင်း သိရသည်။

အစ္စရေးနိုင်ငံအပေါ် ရန်လိုမှုများကိုတားဆီးရေးနှင့် စစ်ရေးပဋိပက္ခ ပိုမိုပြင်းထန်လာစေရန် ကြိုးစားမှုများအား တားဆီးရေးအတွက် ယူအက်စ်အက်စ်အိုက်ဆင်ဟောင်ဝါ လေယာဉ်တင်သင်္ဘောကို အရှေ့မြေထဲပင်လယ်ဒေသသို့ ထပ်မံစေလွှတ်ထားသည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က ပြောကြားခဲ့ကြောင်း သိရသည်။

ယူအက်စ်အက်စ် အိုက်ဆင်ဟောင်ဝါ လေယာဉ်တင်သင်္ဘောသည် အရှေ့မြေထဲပင်လယ်ဒေသသို့ ရှိနေပြီးဖြစ်သည့် ယူအက်စ်အက်စ်ဂျရယ်ဖို့ဒ် လေယာဉ်တင်သင်္ဘောနှင့်ပူးတွဲ၍ စစ်ရေးလှုပ်ရှားမှုများ ပြုလုပ်မည်ဖြစ်သည်။

အမေရိကန်နိုင်ငံသည် ဟားမစ်အုပ်စုက အောက်တိုဘာ ၇ ရက်တွင် ဝင်ရောက်တိုက်ခိုက်ပြီးနောက် အရှေ့မြေထဲ ပင်လယ်ဒေသသို့ ယူအက်စ်အက်စ်ဂျရယ်ဖို့ဒ်လေယာဉ်တင်သင်္ဘောကို ဦးစွာစေလွှတ်ခဲ့သည်။

အစ္စရေး၏ လုံခြုံရေးအတွက် ထားရှိသည့် ကတိကဝတ်ခိုင်မာကြောင်းနှင့် စစ်ရေးအရှိန် ပိုမိုကြီးထွားလာစေရန် ကြိုးပမ်းလာနိုင်သူများကို တားဆီးရေးအတွက် ပြသရန် အရှေ့မြေထဲပင်လယ်ဒေသသို့ လေယာဉ်တင်သင်္ဘောများ စေလွှတ်ထားခြင်း ဖြစ်ကြောင်း အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သို့သော် အရပ်သားများကို ကာကွယ်ရေးအတွက် အစွမ်းကုန်ကြိုးစားမှုများကို မိမိထောက်ခံမည်ဖြစ်သည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အစ္စရေးဝန်ကြီးချုပ်နှင့် ဖုန်းခေါ်ဆိုဆွေးနွေးစဉ် ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**



## တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ရုရှားသမ္မတ ပူတင်တို့ လာမည့်ရက်သတ္တပတ်အတွင်း တွေ့ဆုံဆွေးနွေးမည်



**ပေကျင်း အောက်တိုဘာ ၁၅**

ရုရှားသမ္မတ ပူတင်သည် လာမည့် ရက်သတ္တပတ်အတွင်း တရုတ်သမ္မတရှီကျင့်ဖျင်နှင့်တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်နိုင်ငံ၏အကြီးမားဆုံး မဟာဗျူဟာမြောက် မိတ်ဖက်ဆက်ဆံရေးပိုမိုခိုင်မာရေးအတွက် ရုရှားသမ္မတပူတင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံရန် စီစဉ်ထားခြင်းဖြစ်သည်။

သမ္မတပူတင်သည် ပေကျင်းမြို့၌ အောက်တိုဘာ ၁၇ ရက်မှ ၁၈ ရက် ထိကျင်းပမည့် ရပ်ဝန်းနှင့်လမ်း နိုင်ငံတကာ ထိပ်သီးညီလာခံသို့ တက်ရောက်ရန် စီစဉ်ထားသည်။

အဆိုပါညီလာခံသို့တက်ရောက်စဉ်အတွင်း ရုရှားသမ္မတပူတင်သည် တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးမည် ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့် တရုတ်နိုင်ငံတို့သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် အကန့်အသတ်မဲ့ မိတ်ဖက်ဆက်ဆံရေးထားရှိရန် ကြေညာထားကြသည့်နိုင်ငံများဖြစ်ကြသည်။

အမေရိကန်နိုင်ငံသည် တရုတ်နိုင်ငံကို အကြီးဆုံးပြိုင်ဘက်အဖြစ် မှတ်ယူထားပြီး ရုရှားနိုင်ငံကို အကြီးမားဆုံး အမျိုးသားနိုင်ငံခြိမ်းခြောက်မှုအဖြစ် မှတ်ယူထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## တရုတ်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့ ဖုန်းခေါ်ဆိုဆွေးနွေး

**ပေကျင်း အောက်တိုဘာ ၁၅**





တရုတ် နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည်အောက်တိုဘာ ၁၄ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ဖုန်းခေါ်ဆို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့သည် အစ္စရေးနှင့် ဂါဇာစစ်ရေးပဋိပက္ခပြဿနာကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

အမေရိကန် နိုင်ငံခြားရေးဝန်ကြီးနှင့်ဖုန်းခေါ်ဆိုဆွေးနွေးစဉ် တရုတ်နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိသည် အစ္စရေး-ဂါဇာပြဿနာကို ဖြေရှင်းရေးအတွက် နိုင်ငံတကာငြိမ်းချမ်းရေး ညီလာခံတစ်ရပ်ခေါ်ယူရန် တောင်းဆိုခဲ့ကြောင်း သိရသည်။

ထို့ပြင် အစ္စရေး-ပါလက်စတိုင်းပဋိပက္ခမှာ တဖြည်းဖြည်းအရှိန်မြင့်တက်လာသည်ဖြစ်ရာ အခြေအနေများအထိန်းအချုပ်လွတ်သွားနိုင်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးက သတိပေးခဲ့ကြောင်း သိရသည်။

ထို့ပြင် နိုင်ငံတကာဥပဒေများကို ချိုးဖောက်သည့်လုပ်ရပ်များ၊ အရပ်သားများကို ထိခိုက်စေမည့် လုပ်ရပ်များ အားလုံးကိုလည်း တရုတ်နိုင်ငံက ဆန့်ကျင်ကြောင်း နိုင်ငံခြားရေးဝန်ကြီး ဝမ်ယိက ပြောကြားခဲ့သည်။

အောက်တိုဘာ ၁၄ရက် ဖုန်းခေါ်ဆိုဆွေးနွေးပွဲတွင် တရုတ်နှင့် အမေရိကန် နိုင်ငံခြားရေးဝန်ကြီးများသည် နှစ်နိုင်ငံဆက်ဆံရေးကိစ္စများကိုလည်း ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲရေးအတွက် ချေးငွေယူရန် တောင်အာဖရိကနှင့် ကမ္ဘာ့ဘဏ်တို့ဆွေးနွေးနေ

**ဂျိုဟန်နက်စဘတ် အောက်တိုဘာ ၁၅**

စွမ်းအင်ကဏ္ဍပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် တောင်အာဖရိကနိုင်ငံကို ကူညီရေးအတွက် ချေးငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံ ထုတ်ချေးပေးရန် ကမ္ဘာ့ဘဏ်နှင့် တောင်အာဖရိက နိုင်ငံတို့ကြား ဆွေးနွေးနေကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

လက်ရှိအချိန်တွင် တောင်အာဖရိကနိုင်ငံသည် စီးပွားရေးအရပါ ထိခိုက်လာသည့်စံချိန်တင် လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုပြဿနာကို ကျော်လွှားနိုင်ရန် ကြိုးစားနေရသည်။

လက်ရှိ ဆွေးနွေးပွဲများမှ ထွက်ပေါ်လာသည့်ရလဒ်များအရ ကမ္ဘာ့ဘဏ်သည် ချေးငွေအမေရိကန်ဒေါ်လာတစ်ဘီလီယံကို နိုင်ငံပိုင် အက်စ်ကွမ်စွမ်းအင်ကုမ္ပဏီသို့ထုတ်ပေးမည့်အစား တောင်အာဖရိကအစိုးရသို့ တိုက်ရိုက်ထုတ်ပေးဖွယ်ရှိကြောင်း ကမ္ဘာ့ဘဏ်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အက်စ်ကွမ်ကုမ္ပဏီ၏ ကျောက်မီးသွေးစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများ သက်တမ်းအိုဟောင်းလာသည်နှင့်အမျှ တောင်အာဖရိကနိုင်ငံမှာ အဆိုးရွားဆုံး လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုပြဿနာနှင့်ရင်ဆိုင်နေရသည်။

တစ်ချိန်တည်းမှာပင် လျှပ်စစ်ဓာတ်အားပြဿနာကြောင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်ကဏ္ဍပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုများအားကောင်းလာသော်လည်း နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုထိခိုက်ခဲ့ရသည်။

ကမ္ဘာ့ဘဏ်၏ ချေးငွေများသည် တောင်အာဖရိကနိုင်ငံကို ကျောက်မီးသွေးသုံး စွမ်းအင်ထုတ်လုပ်မှုစနစ်အား ချောမွေ့စွာ အသွင်ကူးပြောင်းနိုင်ရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## လကမ္ဘာစူးစမ်းလေ့လာရေးနှင့် အာကာသဟင်းလင်းပြင်စူးစမ်းလေ့လာရေး မစ်ရှင်များအတွက် ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံက စတင်တည်ဆောက်နေ



**ပေကျင်း အောက်တိုဘာ ၁၅**

လကမ္ဘာစူးစမ်းလေ့လာရေး မစ်ရှင်များနှင့် အာကာသဟင်းလင်းပြင် စူးစမ်းလေ့လာရေးမစ်ရှင်များအတွက် အလင်းစု အလင်းပြန် ကြေးမုံချပ်အဝန်း မီတာ ၄၀ ရှိသည့် ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံက စတင်တည်ဆောက်နေပြီဖြစ်ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများတွင် ဖော်ပြထားသည်။

အဆိုပါ ရေဒီယိုတယ်လီစကုပ်ကို တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျီလင်းပြည်နယ် ချန်ပေး တောင်ကုန်းဒေသ၌ စတင်တည်ဆောက်နေခြင်းဖြစ်သည်။

ချန်ပေး တောင်ကုန်းဒေသရှိ ကောင်းကင်ကြည်လင်မှု၊ ရာသီဥတု ခြောက်သွေ့မှုတို့ကြောင့် ရေဒီယိုတယ်လီစကုပ်များ တည်ဆောက်ရန် အထူးသင့်လျော်သည့် နေရာအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။

လကမ္ဘာစူးစမ်းလေ့လာရေး ရေဒီယိုတယ်လီစကုပ်ကို တရုတ်သိပ္ပံအကယ်ဒမီ လက်အောက်ခံ ရှန်ဟိုင်း နက္ခတ္တရူပဗေဒအကယ်ဒမီက တည်ဆောက်နေခြင်းဖြစ်ကြောင်း သိရသည်။

တည်ဆောက်ပြီးစီးချိန်တွင် အဆိုပါ ရေဒီယိုတယ်လီစကုပ်သည် တရုတ်နိုင်ငံတွင်းရှိ အခြား ရေဒီယိုတယ်လီစကုပ် ငါးခုနှင့် ကွန်ရက်ဖွဲ့၍ စူးစမ်းလေ့လာမှု လုပ်ငန်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

ရေဒီယိုတယ်လီစကုပ်သစ် တည်ဆောက်ရေးလုပ်ငန်းမှာ ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် အပြီးသတ် မည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

# HEALTH

## အရေပြားရောဂါခံစားနေရသူ လူနာ ၄၉ ရာခိုင်နှုန်းတွင် အိပ်ရေးပျက်မှုပြဿနာများနှင့် ရင်ဆိုင်နေရ

**လန်ဒန် အောက်တိုဘာ ၁၅**

အရေပြားရောဂါ ခံစားနေရသူ လူနာများအနက် ၄၉ ရာခိုင်နှုန်းတွင် အိပ်ရေးပျက်မှုပြဿနာများနှင့် ရင်ဆိုင်နေကြရကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

နိုင်ငံတကာ သုတေသနပညာရှင်များသည် အရေပြားရောဂါ၏ အကျိုးသက်ရောက်မှုများကို လေ့လာရေးအတွက် တိုက်ကြီးငါးတိုက်၊ နိုင်ငံပေါင်း ၂၀ ကျော်တို့မှ အရွယ်ရောက်သူ ၅၀၀၀၀ ကျော်တို့၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အရေပြားရောဂါရှိသူ လူနာများအနက် ၄၉ ရာခိုင်နှုန်းမှာ အလုပ်ခွင်၌လုပ်အားထုတ်ပေးနိုင်စွမ်း ကျဆင်းလာသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

သုတေသန ပညာရှင်များ၏ အဆိုအရ အရေပြားရောဂါလူနာများအနက် ၄၉ ရာခိုင်နှုန်းခန့်မှာ အိပ်ရေးပျက်မှုပြဿနာများနှင့် ရင်ဆိုင်နေရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အထူးသဖြင့် အရေပြားရောဂါလူနာများ၏ အိပ်စက်နိုင်စွမ်းအပေါ် အကျိုးသက်ရောက်မှုရှိသည့် အဓိကလက္ခဏာများမှာ ယားယံခြင်းနှင့် အရေပြားအပူလောင်သည့် ခံစားချက်မျိုးခံစားရခြင်းတို့ဖြစ်သည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ အိပ်စက်မှုပြဿနာနှင့်ကြုံနေရသော အရေပြားရောဂါလူနာများအနက် ၆၀ ရာခိုင်နှုန်းမှာ ယားယံမှုခံစားကြရပြီး ၁၇ ရာခိုင်နှုန်းမှာ အရေပြားအပူလောင်မှုခံစားချက်မျိုး ခံစားကြရကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**

## မြောက်အမေရိက၊ ဗဟိုအမေရိကနှင့် တောင်အမေရိကဒေသတို့၌ မီးစက်ကွင်းနေကြတ်မှု ခေါ် နေကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့

**ဝါရှင်တန် အောက်တိုဘာ ၁၅**

မြောက်အမေရိက၊ ဗဟိုအမေရိကနှင့် တောင်အမေရိကဒေသတို့၌ အောက်တိုဘာ ၁၄ ရက်က မီးစက်ကွင်းနေကြတ်မှု ခေါ် နေကြတ်မှုဖြစ်စဉ်တစ်ရပ် ပေါ်ပေါက်ခဲ့ကြောင်း သိရသည်။

ရှားပါးသည့် နက္ခတ်တာရာဖြစ်စဉ်တစ်ခုဖြစ်သည့် မီးစက်ကွင်းနေကြတ်မှုကို နေကြတ်ရာလမ်းကြောင်းတစ်လျှောက် အမေရိကနိုင်ငံများမှ ပြည်သူသန်းပေါင်းများစွာတို့ တွေ့ကြုံလေ့လာနိုင်ခဲ့သည်။

မီးစက်ကွင်းနေကြတ်မှုဖြစ်စဉ်အတွင်း လသည်ကမ္ဘာနှင့်အဝေးဆုံးမှတ်သို့ ရောက်ရှိနေချိန်ဖြစ်ရာ နေကို အပြည့်အဝဖုံးကွယ်ထားနိုင်မှု မရှိခဲ့ဘဲ နေ၏အနားသတ်ပတ်ပတ်လည်၌ အလင်းစက်ကွင်းတစ်ခု ဖြစ်ပေါ်လာတတ်ရာ ၎င်းနေကြတ်မှုပုံစံကို မီးစက်ကွင်းနေကြတ်မှုအဖြစ် သိပ္ပံပညာရှင်များက သတ်မှတ်ထားသည်။



အမေရိကတိုက်မှပြည်သူများအနေဖြင့် မီးစက်ကွင်းနေကြတ်မှုဖြစ်စဉ်ကို ၂၀၄၆ ခုနှစ်မှသာ ထပ်မံ ကြုံတွေ့ရမည်ဖြစ်ကြောင်း သိရသည်။

သို့ရာတွင် မြောက်အမေရိကပြည်သူများအနေဖြင့် ၂၀၂၄ ခုနှစ် ဧပြီ ၈ ရက်တွင် နေအပြည့်ကြတ်မှုဖြစ်စဉ်တစ်ရပ်ကို ထပ်မံတွေ့ကြုံရဦးမည်ဖြစ်သည်။

အောက်တိုဘာ ၁၄ ရက် မီးစက်ကွင်းနေကြတ်မှုကို အမေရိကန်နိုင်ငံ အနောက်တောင်ပိုင်း၊ မက္ကဆီကိုတောင်ပိုင်း၊ အမေရိကအလယ်ပိုင်းနှင့် တောင်အမေရိကမြောက်ပိုင်းတို့မှ ပြည်သူများ မြင်တွေ့ခွင့်ရခဲ့ကြောင်း သိရသည်။

**Ref : Russia Today**

**Trs : KKO**

## နေ့စဉ်သကြားမပါသည့်ကော်ဖီတစ်ခွက်သောက်သုံးပါက လေးနှစ်အတွင်း ကိုယ်အလေးချိန်ကျဆင်းနိုင်

**နယူးယောက် အောက်တိုဘာ ၁၅**

နေ့စဉ်စားသောက်ဖွယ်ရာ စာရင်းတွင် သကြားမပါသည့် ကော်ဖီတစ်ခွက် ထပ်မံထည့်သွင်းသောက်သုံးပါက နောင်လာမည့် လေးနှစ်အတွင်း ကိုယ်အလေးချိန် ကျဆင်းသွားနိုင်ကြောင်း အောက်တိုဘာ ၁၄ ရက် သတင်းများအရ သိရသည်။

နေ့စဉ်စားသောက်ဖွယ်ရာ စာရင်းတွင်သကြားမပါသောကော်ဖီ တစ်ခွက် ထပ်မံထည့်သွင်းပါက လေးနှစ်တာကာလအတွင်း ကိုယ်အလေးချိန်ကို တစ်ပေါင်၏ လေးပုံတစ်ပုံထိ လျှော့ချပေးနိုင်ကြောင်း အမေရိကန်နိုင်ငံ ဟားဗက်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် ၁၉၈၆ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်ကြား ပြုလုပ်ခဲ့သည့်လေ့လာချက်များကို ပြန်လည်စိစစ်လေ့လာခဲ့ကြသည်။

လေ့လာချက် ရလဒ်များအရ တစ်ရက်လျှင် သကြားမပါသည့် ကော်ဖီတစ်ခွက် အပိုဆောင်းသောက်သုံးသူများသည် လာမည့် လေးနှစ်အတွင်း ကိုယ်အလေးချိန်သုည ဒသမ ၂၆ ပေါင်ကျဆင်းမှုနှင့်သက်ဆိုင်နေနိုင်သည်။

သို့ရာတွင် နေ့စဉ်သောက်သုံးသည့် ကော်ဖီတွင် သကြား လက်ဖက်ရည်ဇွန်း တစ်ဇွန်းစာမျှ ထည့်သွင်းပေးခဲ့လျှင် ကိုယ်အလေးချိန် သုည ဒသမ ၂ ပေါင် ထပ်တိုးလာနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

နေ့စဉ် စားသောက်မှုပုံစံ၌ ကော်ဖီကို ထည့်သွင်းထားသော်လည်း သကြားထည့်သောက်သုံးပါက ကော်ဖီနှင့် ဆက်စပ်နေသော ကိုယ်အလေးချိန်ကျဆင်းမှု အကျိုးကျေးဇူးများ ပျက်ပြယ်သွားနိုင်ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



## အောစီးရစ် ရက်စ် အာကာသယာဉ်ကပေးပို့ထားသော ကျောက်သားကျောက်စ နမူနာများအရ ဘန်နူးဂြိုဟ်သိမ်က ရေဓာတ်နှင့်ကာဗွန်တို့ ကြွယ်ဝသည့်ဂြိုဟ်သိမ်တစ်စင်းဖြစ်နိုင်

**ဝါရှင်တန် အောက်တိုဘာ ၁၅**

အောစီးရစ် ရက်စ် အာကာသယာဉ်ကပေးပို့ထားသော ကျောက်သား ကျောက်စ နမူနာအထောက်အထားများအရ ဘန်နူးဂြိုဟ်သိမ်သည် ရေဓာတ်နှင့်ကာဗွန်တို့ကြွယ်ဝသည့် ဂြိုဟ်သိမ်တစ်စင်းဖြစ်နိုင်ကြောင်း အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သိပ္ပံပညာရှင်များက အောက်တိုဘာ ၁၄ ရက်တွင် ပြောကြားသည်။

နာဆာ၏ အောစီးရစ် ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်ပေါ်မှ ကောက်ယူထားသည့် နမူနာကျောက်သားများကို ပြီးခဲ့သည့်လအတွင်း ကမ္ဘာမြေသို့ အောင်မြင်စွာ ပို့ဆောင်ခဲ့သည်။

အောက်တိုဘာ ၁၁ ရက်တွင် နာဆာ သိပ္ပံပညာရှင်များသည် ဘန်နူးဂြိုဟ်သိမ် ကျောက်သား နမူနာများကို ပဏာမလေ့လာဆန်းစစ်ခဲ့ရာ ဘန်နူးဂြိုဟ်သိမ်မှာ ရေဓာတ်နှင့် ကာဗွန်ပါဝင်သည့် ဓာတုဒြပ်ပေါင်းများ ကြွယ်ဝသည့် ဂြိုဟ်သိမ်ဖြစ်နိုင်ကြောင်းဖော်ထုတ်တွေ့ရှိခဲ့ရသည်။

အောစီးရစ် ရက်စ် အာကာသယာဉ်က ကမ္ဘာသို့ပြန်လည်ပို့ဆောင်ပေးခဲ့သည့် ဂြိုဟ်သိမ်ကျောက်သား ကျောက်စ နမူနာများသည် ကာဗွန်ပါဝင်မှုအမြင့်ဆုံး ဓာတုဒြပ်ပေါင်းများကို ပိုင်ဆိုင်ထားကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

၂၀၁၆ ခုနှစ် စက်တင်ဘာလက လွှတ်တင်ခဲ့သည့် အောစီးရစ် ရက်စ် အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်ရှိရာသို့ ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ရောက်ရှိခဲ့သည်။

၎င်း အာကာသယာဉ်သည် ဘန်နူးဂြိုဟ်သိမ်ဆီသို့ ရောက်ရှိပြီးနောက် လပေါင်း ၂၂ လကြာ ပျံသန်းလေ့လာခဲ့ပြီး ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလတွင် ဂြိုဟ်သိမ်နမူနာ ကျောက်သားများကို ကောက်ယူခဲ့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**




# စက်တင်ဘာလအတွက် ကမ္ဘာ့ဖူဆယ်အဆင့်သတ်မှတ်ချက်တွင် မြန်မာဖူဆယ်အသင်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် (၇၈)နေရာ၌ရပ်တည်



**ရန်ကုန် အောက်တိုဘာ ၁၅**

စက်တင်ဘာလအတွက် ကမ္ဘာ့ဖူဆယ်အဆင့် သတ်မှတ်ချက်များကို ထုတ်ပြန်ကြေညာခဲ့ရာ မြန်မာ့လက်ရွေးစင် ဖူဆယ်အသင်းက ကမ္ဘာ့အဆင့် ငါးဆင့်ထိမြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၇၈)နှင့် အာဆီယံအဆင့်(၄) နေရာတွင် ရပ်တည်လျက်ရှိနေသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ပြီးခဲ့သည့် AFC Futsal Asian Cup 2024 ပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ရလဒ်ကောင်းများ ရရှိခဲ့ပြီး ခြေစစ်ပွဲအောင်မြင်ခဲ့ပြီးနောက် ကမ္ဘာ့အဆင့်လည်းမြင့်တက်လာပြီး ကမ္ဘာ့အဆင့်(၇၈)နေရာထိ မြင့်တက်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စက်တင်ဘာလအတွက် ကမ္ဘာ့အဆင့်သတ်မှတ်ချက်အရ အာဆီယံဇုန်တွင် ထိုင်းအသင်းက ကမ္ဘာ့အဆင့် နှစ်ဆင့်မြင့်တက်ခဲ့ပြီး ကမ္ဘာ့အဆင့်(၂၆)နှင့် အာဆီယံအဆင့်(၁)၊ ဗီယက်နမ်အသင်းကလည်း နှစ်ဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၃၇)နှင့် အာဆီယံအဆင့်(၂)၊ အင်ဒိုနီးရှားအသင်းက သုံးဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၄၀)နှင့် အာဆီယံအဆင့်(၃)၊ မြန်မာအသင်းက ကမ္ဘာ့အဆင့်(၇၈)နှင့် အာဆီယံအဆင့်(၄)၊ မလေးရှားအသင်းက နှစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၇၉)နှင့် အာဆီယံအဆင့်(၅)၊ စင်ကာပူအသင်းက နှစ်ဆင့်မြင့်တက်လာခဲ့ပြီး ကမ္ဘာ့အဆင့်(၁၁၇)နှင့် အာဆီယံအဆင့်(၆)၊လာအိုအသင်းက ကမ္ဘာ့အဆင့်(၁၂၀)နှင့်အာဆီယံအဆင့်(၇)၊ တီမောလက်စ်တေအသင်းကတစ်ဆင့်မြင့်တက်လာပြီး ကမ္ဘာ့အဆင့်(၁၂၂)နှင့် အာဆီယံအဆင့်(၈)၊ ကမ္ဘောဒီးယားအသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁၂၃)ဖြင့် အာဆီယံအဆင့်(၉)၊ဖိလစ်ပိုင်အသင်းက တစ်ဆင့်ကျဆင်းခဲ့ပြီးကမ္ဘာ့အဆင့်(၁၂၉)နှင့် အာဆီယံအဆင့်(၁၀)နှင့် ဘရူနိုင်းအသင်းက နှစ်ဆင့်ကျဆင်းခဲ့ပြီး ကမ္ဘာ့အဆင့်(၁၃၃)နှင့် အာဆီယံအဆင့်(၁၁)နေရာတွင် ရပ်တည်လျက်ရှိနေကြောင်း သိရသည်။

**STA**

# နယူးကာဆယ်ကစားသမား တိုနယ်လီ လောင်းကစားမှုတွင် ပါဝင်ခဲ့သည့်အတွက် ကစားသမားဘဝမှ အပြီးတိုင်အနားယူရဖွယ်ရှိ

**ရောမ အောက်တိုဘာ ၁၅**

အီတလီအသင်းနှင့် နယူးကာဆယ်အသင်း အဓိကကွင်းလယ်ကစားသမား တစ်ဦးဖြစ်သည့် တိုနယ်လီသည် လောင်းကစားမှုတွင် ပါဝင်ပတ်သက်ခဲ့သည်ဟု ဝန်ခံထွက်ဆိုခဲ့ပြီးနောက် ကစားသမားဘဝမှ အပြီးတိုင်အနားယူရမည့် အရေးနှင့်ရင်ဆိုင်နေရပြီဖြစ်သည်။

အသက် ၂၃ နှစ်ရှိ တိုနယ်လီသည် ပြီးခဲ့သည့်နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက အေစီမီလန်အသင်းမှ နယူးကာဆယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီတွင် နယူးကာဆယ် အသင်းကွင်းလယ်ပိုင်းတွင် အဓိကကစားသမားအဖြစ် ခြေစွမ်းပြသလျက်ရှိနေသူဖြစ်သည်။

တိုနယ်လီသည် ယခုရက်သတ္တပတ်အတွင်း ယူရို ၂၀၂၄ ပြိုင်ပွဲ ခြေစစ်ပွဲများကစားရန်အတွက် အီတလီအသင်းနှင့်သွားရောက်ပူးပေါင်းစဉ် လောင်းကစားမှု၌ ပါဝင်ပတ်သက်နေသည်ဟု စွဲချက်တင်ခံခဲ့ရပြီးနောက် အီတလီအသင်း ကစားသမားစာရင်းမှ နုတ်ထွက်ခဲ့ပြီး တရားရုံးတွင် တရားရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

တိုနယ်လီသည် ၎င်း၏မိသားစုဝင်များ၊ ရှေ့နေအဖွဲ့နှင့်အတူ တရားရုံးတွင် လောင်းကစားမှုတွင် ပါဝင်ပတ်သက်ကြောင်း ဝန်ခံခဲ့ခြင်းဖြစ်ပြီး မည်ကဲ့သို့ပါဝင်ပတ်သက်သည်ကိုမသိရှိရသေးဘဲ ဆက်လက်စစ်ဆေးမှုများ ပြုလုပ်နေခြင်းဖြစ်သည်။

အီတလီနိုင်ငံ၏ တရားဥပဒေများအရ လောင်းကစားမှုများတွင် ပါဝင်ပတ်သက်ကြောင်း ဖြစ်မှုထင်ရှားပါက အနည်းဆုံးပြစ်ဒဏ်အဖြစ် တစ်နှစ်ထိဘောလုံးကစားခွင့် ပိတ်ပင်ခံရမည်ဖြစ်ပြီး အမြင့်ဆုံးပြစ်ဒဏ်အဖြစ် ကစားသမားဘဝမှ ရာသက်ပန်ပွဲကစားခွင့်ပိတ်ပင်ခံရသည်ထိ ပြစ်ဒဏ်ချမှတ်ခံရမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : STA**



# ပိုလန်အသင်းက အသင်းပရိသတ်အချို့ကို အသင်းပိုင်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်

**ဝါဆော အောက်တိုဘာ ၁၅**

ပိုလန်အသင်းသည် ဖာရိုးကျွန်းစုနိုင်ငံတွင် ဖာရိုးကျွန်းစုအသင်းနှင့် ယူရို ၂၀၂၄ ခြေစစ်ပွဲကစားခဲ့ပြီးနောက် ရာသီဥတုဆိုးရွားမှုကြောင့် လေယာဉ်ခရီးစဉ်နှောင့်နှေးခဲ့သည့် အသင်းပရိသတ်များကို အသင်းပိုင်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့သည်ဟု ပိုလန်ဘောလုံးအဖွဲ့ချုပ်က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

ဖာရိုးကျွန်းစုအသင်းနှင့် ပွဲစဉ်ကို လိုက်ပါအားပေးခဲ့သည့် ပိုလန်အသင်းပရိသတ်များသည် ပြီးခဲ့သည့် သောကြာနေ့ လေယာဉ်ဖြင့် ပိုလန်နိုင်ငံသို့ ပြန်မည်ဖြစ်သော်လည်း ရာသီဥတုအခြေအနေဆိုးရွားခဲ့မှုကြောင့် လေယာဉ်ခရီးစဉ်များ နှောင့်နှေးခဲ့ရပြီး ဝါဆောမြို့တွင် ကစားမည့် မော်ဒိုဗာအသင်းနှင့် ပွဲစဉ်ကို အားပေးရန်မဖြစ်နိုင်တော့သည့် အခြေအနေတွင် ပိုလန်ဘောလုံးအဖွဲ့ချုပ်က အဆိုပါ အသင်းပရိသတ်များကို အသင်းပိုင်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပရိသတ်များသည် ပိုလန်အသင်းနောက်ဆုံး ကစားခဲ့သည့် ကမ္ဘာ့ဖလားပြိုင်ပွဲ ၁၂ ပွဲ ဆက်တိုက် အားပေးခဲ့သူများဖြစ်သဖြင့် ပိုလန်အသင်း၏ ပရိသတ်ဘုရင်များဟု တင်စားခံခဲ့ရပြီး ပိုလန်ဘောလုံးအဖွဲ့ချုပ်က မော်ဒိုဗာအသင်းနှင့်ပွဲစဉ်ကို အားပေးနိုင်ရန် ပြီးခဲ့သည့် စနေနေ့က ၎င်းပရိသတ် ၁၀ ဦးကို ဝါဆောမြို့သို့အသင်းပိုင်လေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့သည်။

ပိုလန်အသင်းသည် ယူရို ၂၀၂၄ ခြေစစ်ပွဲအုပ်စု ခြောက်ပွဲကစားအပြီးတွင် သုံးပွဲနိုင်၊ သုံးပွဲသရေရလဒ်သာရရှိခဲ့သဖြင့် ရမှတ်ကိုးမှတ်ဖြင့် အမှတ်ပေးဇယားအဆင့်(၂)သို့ရောက်ရှိနေပြီး တတိယနေရာမှ ချက်အသင်းနှင့် ရမှတ်တစ်မှတ်သာ ကွာဟနေသောကြောင့် လာမည့်ပွဲစဉ်များကို အနိုင်ရမှသာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်မည် ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**

**Trs : ML**

## အားကစားသတင်း အတိုအထွာများ

- ပရီးမီးယားလိဂ်အသင်းများဖြစ်သည့် အာဆင်နယ်အသင်းနှင့် စပါးအသင်းတို့က ဖီရင်နေ့အသင်း တိုက်စစ်မှူး ဂျီမီနက်ဇ်ကို ခေါ်ယူရန် အပြိုင်ကမ်းလှမ်းလျက်ရှိသည်။
- အယ်အီသီဖတ်အသင်းနှင့် ပူးပေါင်းလေ့ကျင့်နေသည့် ကွင်းလယ်ကစားသမား လင်းဂတ်အနေဖြင့် ဆော်ဒီပရိုလိဂ်၏ နိုင်ငံခြားသား ကစားသမား ကန့်သတ်ထားမှုများကြောင့် လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလမတိုင်မီထိ ပြောင်းရွှေ့ခွင့်ရမည်မဟုတ်ကြောင်း သိရသည်။

**ML**

## ယူရို ၂၀၂၄ ခြေစစ်ပွဲ ရလဒ်

| | | | | |
|---|---|---|---|---|
| ဂျော်ဂျီယာ | ၄ | - | ၀ | ဆိုက်ပရက်စ် |
| ချက် | ၁ | - | ၀ | ဖာရိုးကျွန်းစု |
| ဆွစ်ဇာလန် | ၃ | - | ၃ | ဘီလာရုစ် |

**(ဝ၄ဝ)**

# ဂျာမနီအသင်းနည်းပြ နာဂျယ်စမန်း နိုင်ငံအသင်းနှင့် ပထမဆုံးပွဲစဉ်၌ ဂိုးပြတ်နိုင်ပွဲရရှိ

**ဘာလင် အောက်တိုဘာ ၁၅**

အမေရိကန်နိုင်ငံတွင် ချစ်ကြည်ရေးခြေစမ်းပွဲကစားခဲ့သည့် ဂျာမနီအသင်းက အမေရိကန် အသင်းကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် နည်းပြနာဂျယ်စမန်းသည် ဂျာမနီအသင်းနည်းပြဘဝပထမဆုံး နိုင်ပွဲရရှိခဲ့ကြောင်း သိရသည်။

ဂျာမနီအသင်းသည် ပြီးခဲ့သည့်လက ဘရီမင်မြို့တွင်ကစားခဲ့သည့် ဂျပန်အသင်းနှင့် ခြေစမ်းပွဲစဉ်တွင် လေးဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ရလဒ်ပိုင်းဆက်တိုက် ဆိုးရွားခဲ့သည့် နည်းပြဖလစ်ကို ရာထူးမှထုတ်ပယ်ခဲ့ပြီး နည်းပြနာဂျယ်စမန်းကို နည်းပြသစ်ခန့်အပ်ခဲ့ကာ ၎င်းသည် အသင်းနှင့် ပထမဆုံးပွဲစဉ်တွင် အမေရိကန်အသင်းကို အဝေးကွင်း၌ သုံးဂိုး တစ်ဂိုးဖြင့်အနိုင်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့သည်။

ယူရို ၂၀၂၄ ပြိုင်ပွဲကို အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရထားသည့် ဂျာမနီအသင်းသည်ခြေစစ်ပွဲကစားရန်မရှိသဖြင့် နိုင်ငံတကာပြိုင်ပွဲကာလတွင် ခြေစမ်းပွဲများသာကစားနေရပြီး အမေရိကန်နိုင်ငံတွင် အိမ်ရှင်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲချိန်ပြည့်ဖိအားပေးနိုင်ခဲ့ကာ ဂန်ဒိုဂမ်ဖူးခရက်၊မူစီအာလာတို့၏ သွင်းဂိုးများဖြင့် ဦးဆောင်နိုင်ခဲ့ပြီး အမေရိကန်အသင်းအတွက် သွင်းဂိုးကို ပူလီဆစ်ကသွင်းယူနိုင်ခဲ့သောကြောင့် ဂျာမနီအသင်းက သုံးဂိုးတစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး နာဂျယ်စမန်းအနေဖြင့် ဂျာမနီအသင်း နည်းပြဘဝပထမဆုံး



နိုင်ပွဲ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဂျာမနီအသင်းသည် အမေရိကန်နိုင်ငံတွင် နောက်ထပ်ခြေစမ်းပွဲစဉ်အဖြစ် မက္ကဆီကိုအသင်းနှင့် လာမည့်အောက်တိုဘာ ၁၈ ရက်တွင် ထပ်မံကစားရမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**

**Trs : ML**

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားထုတ် Lancet တိုက်ခိုက်ရေးဒရုန်းက ဗြိတိန်ထုတ် ဟောင်ဝစ်ဇာအမြောက်တစ်စီးကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့



ရုရှားထုတ် Lancet တိုက်ခိုက်ရေး ဒရုန်းသည် ဗြိတိန်ထုတ် ဟောင်ဝစ်ဇာ အမြောက်တစ်စီး တိုက်ခိုက်ဖျက်ဆီးခဲ့သည့် ဗီဒီယိုဖိုင်ကို ရုရှားနိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနက ထုတ်လွှင့်ခဲ့သည်ဟု နိုင်ငံပိုင် RT သတင်းဌာနက အောက်တိုဘာလ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ရုရှားကာကွယ်ရေးဝန်ကြီးဌာနသည် အောက်တိုဘာ ၁၁ ရက် ညနေပိုင်းတွင် ၎င်း၏ Telegram ချန်နယ်မှတစ်ဆင့် ဗီဒီယိုဖိုင်ကို လွှင့်တင်ထားခြင်းဖြစ်ပြီး ရုရှားထုတ် Lancet တိုက်ခိုက်ရေးဒရုန်း တစ်စင်းက ဗြိတိန်က ထောက်ပံ့ပေးသော AS-90 ယာဉ်တင်ဟောင်ဝစ်ဇာအမြောက် တစ်စီးကို အောင်မြင်စွာပစ်မှတ်ထားတိုက်ခိုက်နိုင်ခဲ့ကြောင်း၊ Loitering Ammunition ဟု ခေါ်ဝေါ်သုံးနှုန်းလေ့ရှိသည့် တိုက်ခိုက်ရေးဒရုန်း ထိမှန်ပေါက်ကွဲခဲ့ပြီး နောက်တွင် ဗြိတိန်ထုတ် ဟောင်ဝစ်ဇာ အမြောက် လုံးဝပျက်စီးသွားကြောင်း သိရသည်။

ဗြိတိန်နိုင်ငံသည် ယခုနှစ် အစောပိုင်းက AS-90 ဟောင်ဝစ်ဇာအမြောက် ၃၂ စီးကို Challenger II ပင်မတိုက်ပွဲတင့်ကား တစ်ဒါဇင်ကျော်နှင့်အတူ ယူကရိန်းနိုင်ငံသို့ လွှဲပြောင်းပေးခဲ့ပြီး ယူကရိန်း တပ်ဖွဲ့ဝင်များကို လက်နက်စနစ်နှင့် ပတ်သက်၍ ပြီးခဲ့သည့်နွေရာသီတွင် ဗြိတိန်ပိုင်နက်အတွင်း လေ့ကျင့်သင်တန်း ပေးခဲ့သည်။

အဆိုပါ ဗြိတိန်နိုင်ငံထုတ် တင့်ကား၊ အမြောက်လက်နက်စနစ်များသည် ၄နှစ်လက တန်ပြန်ထိုးစစ်၊ စစ်ဆင်ရေးများတွင် ပထမဆုံး တပ်ဖြန့်အသုံးပြုလာခဲ့ကြသည်ကို အွန်လိုင်းတွင် ပျံ့နှံ့ခဲ့သည့် ဗီဒီယိုဖိုင်များအရ သိခဲ့သည်။ တပ်ဖွဲ့ဝင် ငါးဦးဖြင့် တိုက်ပွဲဝင်လုပ်ဆောင်နိုင်သော အဆိုပါ AS-90 ဟောင်ဝစ်ဇာအမြောက်များကို အပေါ့စား သံချပ်ကာယာဉ်ပေါ်တွင် တပ်ဆင်ထားပြီး ၁၅၅ မီလီမီတာအမြောက် စနစ် အသုံးပြုထားသည်။ ၎င်းတို့သည် အများဆုံး တိုက်ပွဲဝင်ပစ်ခတ်နိုင်သော အကွာအဝေး ၂၅ ကီလိုမီတာခန့်ရှိသည်ဟု သိရှိရပြီး ယူကရိန်းတပ်များထံ ပေးအပ်ထားသည့် အမေရိကန်ထုတ် M777 ဟောင်ဝစ်ဇာအမြောက်စနစ်များနှင့် စွမ်းဆောင်ရည် မကွာလှပေ။

အဆိုပါ ဟောင်ဝစ်ဇာအမြောက် လက်နက်နှစ်မျိုးစလုံးသည် ဆိုဗီယက်ခေတ်ထုတ် 2S1 Gvozdika နှင့် 2S3 Akatsiya အပါအဝင် ယူကရိန်းရှိ အမြောက်စနစ်များထက် သာလွန်စွမ်းရည်များ ပိုင်ဆိုင်ထားသည်။

ရုရှားနိုင်ငံသည် Lancet တိုက်ခိုက်ရေးဒရုန်းများ၏ စစ်ဆင်ရေးအကွာအဝေးကို တိုးမြှင့်နိုင်ရန်အတွက် မကြာသေးမီက အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့သော ၎င်းတို့၏ တိုက်ပွဲဝင်စွမ်းဆောင်ရည် ထိရောက်မှုကို ထုတ်ဖော်ချီးမွမ်းခဲ့ပြီးဖြစ်သည်။

ယူကရိန်းအထူးစစ်ဆင်ရေးတွင် တင့်၊ သံချပ်ကာ၊ အမြောက်လက်နက်စနစ်များကို တန်ပြန် တိုက်ခိုက်ဖျက်ဆီးရာတွင် Lancet တိုက်ခိုက်ရေးဒရုန်းများ၏ အခန်းကဏ္ဍမှာ သိသိသာသာအရေးပါလာခဲ့သည်။

ယခုသီတင်းပတ်အစောပိုင်းတွင် ရုရှားစစ်သတင်းထောက် Andrey Rudenko ကမျှဝေခဲ့သည့် ဗီဒီယိုဖိုင်တွင် Lancet ဒရုန်းသည် လေတပ်စခန်းတစ်ခုရှိ ယူကရိန်း Su-25 တိုက်လေယာဉ်ကို တိုက်ရိုက်ထိမှန်ဖျက်ဆီးနိုင်ခဲ့ပြီး အသစ်မွမ်းမံထားသော Lancet ဒရုန်းသည် ယခုအခါ အကွာအဝေး ကီလိုမီတာ ၁၂၀ ထိ ပျံသန်းတိုက်ပွဲဝင်လာနိုင်ခဲ့ကြောင်း သိရသည်။

**Russian drone knocks out British howitzer (VIDEO) ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းအတွက် ယူရို ၉၅ သန်းတန်ဖိုးရှိ ၁၉ ကြိမ်မြောက် စစ်ရေးအကူအညီပေးရေးအစီအစဉ်ကို ဖင်လန်သမ္မတ အတည်ပြု

ယူကရိန်းအတွက် ယူရို ၉၅ သန်းတန်ဖိုးရှိ ၁၉ ကြိမ်မြောက် စစ်ရေးအကူအညီပေးရေးအစီအစဉ်ကို ဖင်လန်သမ္မတက သဘောတူခွင့်ပြုခဲ့ကြောင်း www.armyrecognition.com သတင်းဌာနက အောက်တိုဘာ ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လုံခြုံရေးနှင့် စစ်ဆင်ရေးဆိုင်ရာ အကြောင်းပြချက်များအတွက် ဖင်လန်နိုင်ငံသည် ၎င်းတို့၏ ရည်ရွယ်ထားသည့် နေရာကို လုံခြုံစွာရောက်ရှိကြောင်း သေချာစေရန်အတွက် ၎င်း၏စစ်ရေး အကူအညီပေးရေး ပက်ကေ့ဂျ်များ၏ အသေးစိတ် အချက်အလက်များနှင့် ပေးပို့ရမည့်အချိန်ကာလကို ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ဤနောက်ဆုံးပေါ် စစ်ရေးအကူအညီပေးရေးအစီအစဉ်သည် ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလတွင် ရုရှား-ယူကရိန်း ပဋိပက္ခ စတင်ခဲ့သည့်နောက်ပိုင်း ၁၉ ကြိမ်မြောက် အသုတ်လိုက်ပေးပို့ခဲ့ခြင်းလည်းဖြစ်ကြောင်း သိရသည်။

ယူကရိန်းပဋိပက္ခ၏ ရလဒ်သည် အနာဂတ်အတွက် ဥရောပနှင့်ဖင်လန်၏ လုံခြုံရေးအခင်းအကျင်းကို ဆုံးဖြတ်ပေးလိမ့်မည်ဖြစ်သည်။ ထို့ကြောင့် မဟာမိတ်များနှင့်အတူ ယူကရိန်းအတွက် ထောက်ခံမှုကို ခိုင်ခံ့မြဲမြံစွာ ထောက်ပံ့နေခြင်းလည်းဖြစ်သည်ဟု ဖင်လန် ကာကွယ်ရေးဝန်ကြီး Antti Häkkänen က ပြောကြားခဲ့သည်။

ဖင်လန်နိုင်ငံက ယူကရိန်းအတွက် စစ်ရေးအကူအညီသည် ယနေ့ထိ ယူရို ၁ ဒသမ ၄ ဘီလီယံထိ ရောက်ရှိခဲ့ပြီး စက်ကိရိယာနှင့် မော်တော်ယာဉ်မျိုးစုံကို ထောက်ပံ့ပေးခဲ့သည်။ ၎င်းတို့အနက်သံချပ်ကာယာဉ် Sisu XA-185 ကို ၂၀၂၂ ခုနှစ် စက်တင်ဘာလက ပေးပို့ထောက်ပံ့ခဲ့သည်။ အဆိုပါယာဉ်များသည် စစ်မြေပြင်တွင် စစ်သည်များကို လုံခြုံစွာပို့ဆောင်ရန်အတွက် မရှိမဖြစ်လိုအပ်ပြီး လက်နက်ငယ်ပစ်ခတ်မှုနှင့်မော်တာကျည်ပေါက်ကွဲမှုများကို အကာအကွယ်ပေးထားနိုင်သည်။

တိုက်ခိုက်ရေးသုံးအင်ဂျင်နီယာပစ္စည်းများအရ ဖင်လန်နိုင်ငံသည် Leopard 2R မိုင်းရှင်းလင်းရေးတင့်ကား ခြောက်စီး ပေးအပ်ရန် ကတိပြုထားသည်။ ဤတင့်ကားများသည် မိုင်းများနှင့်အခြားဖောက်ခွဲရေးပစ္စည်းများကို ဖယ်ရှားရန်အတွက် အထူးဒီဇိုင်းထုတ်ထားသောကြောင့် တပ်ဖွဲ့ဝင်များနှင့် ယာဉ်များသွားလာရာတွင် အဆင်ပြေချောမွေ့စေသည်။

122 mm 2S1 Gvozdika Self-Propelled ဟောင်ဝစ်ဇာအမြောက်များ ပေးပို့ခြင်းနှင့်အတူ မောင်းသူမဲ့ Self-Propelled ယာဉ်တင်အမြောက်လက်နက်စနစ်များလည်း ပါဝင်သည်။ ဤအမြောက်စနစ်များသည် လှုပ်ရှားတပ်များအတွက် ပစ်အားနှင့် စစ်ကစားနိုင်စွမ်းရှိစေသည်။ ထို့ပြင် ယူကရိန်းနိုင်ငံသည် 152mm 152 K89 အမြောက်လက်နက်များနှင့် 130 mm 130 K54 အပါအဝင် ယာဉ်ဆွဲအမြောက်များကို လက်ခံရရှိခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် ဩဂုတ်လ အစောပိုင်းတွင် ဖင်လန်နိုင်ငံက ယူကရိန်းကို အကြီးစား 120mm 120 Krh 85 92 မော်တာစနစ်များကို ပံ့ပိုးပေးခဲ့သည်။ အဆိုပါ မော်တာလက်နက်စနစ်များသည် အကြီးစားအမြောက်များ တပ်ဖြန့်နိုင်ခြင်း မရှိသော စစ်ဆင်ရေးအခြေအနေများတွင် သွယ်ဝိုက်ကူပစ်ပေးရန် ခြေလျင်တပ်ဖွဲ့များအတွက် မရှိမဖြစ်လိုအပ်ကြောင်း သိရသည်။

လေကြောင်းရန်ကာကွယ်ရေးအတွက် 23mm 23 ITK 61 Sergei လေယာဉ်ပစ်စက်အမြောက်စနစ်များကို ယူကရိန်း၏ လေပိုင်နက်ကိုကာကွယ်ရန်၊ စွမ်းရည်မြှင့်တင်ရန်အတွက်လည်း ၂၀၂၂ ခုနှစ် ဩဂုတ်လက ပေးပို့ခဲ့သေးသည်။

ဖင်လန်နိုင်ငံသည် 66 KES (M72 LAW) တင့်ဖျက်လက်နက် ၁၅၀၀ ကျော်၊ 112mm RSKES APILAS တင့်ဖျက်ဒုံးပစ်လောင်ချာများအပါအဝင် တင့်ဖျက်လက်နက်များစွာကို ထောက်ပံ့ပေးထားသည်။ ဤလက်နက်များသည် ရန်သူ့တင့်ကားများ၊ သံချပ်ကာယာဉ်များကို ချေမှုန်းရာတွင် အလွန်အရေးကြီးသည်။ နောက်ဆုံးအနေဖြင့် ယူကရိန်းခြေလျင်တပ်ရင်း၊ တပ်ဖွဲ့များတွင် 12.7mm 12.7 ItKK 96 အကြီးစား စက်သေနတ်များနှင့် ချေမှုန်းရေးရိုင်ဖယ် အလက် ၂၅၀၀ အပါအဝင် လက်နက်ငယ်များပါ တပ်ဆင်ပေးထားကြောင်း သိရသည်။

**Finland Approves 19th Military Aid Package for Ukraine Valued at €95 Million ကို ဘာသာပြန်ဆိုထားပါသည်။**

မင်းမျိုး



# စားနပ်ရိက္ခာဖူလုံရေး လူတိုင်းပါဝင်ကြိုးပမ်းပေး

ညွန့်ဝင်း(နတ်တလင်း)

အသက်ရှည်စေသည့်အကြောင်းတရား လေးပါးတွင် ကံ၊ စိတ်၊ ဥတု၊ အာဟာရ တို့ပါဝင်သည်။ အာဟာရ မှီဝဲစားသောက်ရမှသာ အသက်ရှင်ရပ်တည်နိုင်သည်။ ထိုသို့ မှီဝဲစားသောက်ရာ၌လည်း အာဟာရ လုံလောက်မျှတစွာ ရရှိရန်လိုအပ်သည်။ ထို့ကြောင့် လူ့ဘဝ၏ အဓိကလိုအပ်ချက်ကြီး သုံးရပ်တွင် စား၊ ဝတ်၊ နေရေး ဟူ၍ စားရေးကို ရှေ့ဆုံးမှ ထားရှိခြင်းဖြစ်သည်။

ကျွန်ုပ်တို့သည် အသက်ရှင်ရပ်တည်နိုင်ပြီး ကုန်ဆုံးသွားသောစွမ်းအင်များ ပြန်လည်ဖြည့်တင်းရန် အစာအာဟာရကို မှချမှီဝဲရသည်။ ကျွန်ုပ်တို့ လူသားများသည် သမိုင်းဦးအစတွင် အာဟာရအတွက်သားကောင်များကိုဖမ်းဆီးပြီး အစိမ်းလိုက်စားခဲ့ကြသည်။ ရာသီဥတုဒဏ်ခံနိုင်ရန်နှင့် သားရဲတိရစ္ဆာန်များဘေးမှ ကာကွယ်ရန် မီးကိုအသုံးချရာမှ အသားစိမ်းများ မီးထဲသို့အမှတ်မထင်ကျပြီး ဆယ်ယူစားသောက်ရာတွင် အသားကို အစိမ်းစားခြင်းထက် ချက်ပြုတ်စားခြင်းက ပိုမိုအရသာရှိကြောင်း သိခဲ့ကြသည်။ ထို့နောက်ပိုင်းတွင် သီးနှံများကိုရှာဖွေစားသောက်ရာမှ အလွယ်တကူစားသုံးနိုင်ရန် ကိုယ်တိုင်စိုက်ပျိုးလာကြသည်။ ခိုင်းစေရန်နှင့် အသားအတွက် သားကောင်များကို မွေးမြူလာကြသည်။ ထိုသို့ဖြင့် စိုက်ပျိုးရေးနှင့်မွေးမြူရေးသည် စားနပ်ရိက္ခာအတွက် မရှိမဖြစ်သော လုပ်ငန်းများဖြစ်လာသည်။

အစပိုင်းတွင် စိုက်ပျိုး၊ မွေးမြူ၍ စားနပ်ရိက္ခာထုတ်လုပ်မှုနှင့် လူတို့၏စားသုံးမှု မျှတလုံလောက်ခဲ့သည်။ သို့သော် နောက်ပိုင်းတွင် တိုးချဲ့၍ စိုက်ပျိုးမွေးမြူလျက် စားနပ်ရိက္ခာ ပိုမိုထုတ်လုပ်သည့်ကြားမှပင် တဖြည်းဖြည်း အဆမတန် တိုးပွားလာသော လူဦးရေအတွက် ရိက္ခာမလုံလောက်မှုများ ဖြစ်လာသည်။ ကမ္ဘာ့လူဦးရေ တိုးပွားနှုန်းကလည်း ဒီရေအလားတရိပ်ရိပ် တိုးတက်လာနေခဲ့သည်။ ၂၀ ရာစုကုန်ဆုံးချိန်တွင် ကမ္ဘာ့လူဦးရေမှာ သန်း ၆၀၀၀ ထိ တိုးပွားလာပြီး ၂၁ ရာစုထဲတွင် သန်း ၆၆၀၀ ခန့်ထိ ရှိလာသည်။ ၂၀၁၁ ခုနှစ် နိုဝင်ဘာ ၁၅ ရက်က ကမ္ဘာ့လူဦးရေ သန်း ၈၀၀၀ ပြည့်ပြီဟု ကုလသမဂ္ဂက ထုတ်ပြန်ခဲ့သည်။ ထို လူဦးရေ သန်း ၈၀၀၀ အတွက် စားနပ်ရိက္ခာလုံလောက်ရေးသည် အရေးတကြီး ကြိုးပမ်းဆောင်ရွက်ရမည့်ကိစ္စဖြစ်လာသည်။

ဆက်လက်၍ NCA လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာအသိသက်သေများ၏ ကိုယ်စားလှယ် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun၊ အိန္ဒိယနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် H.E. Mr. Vikram Misri၊ ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး H. E .Sihasak Phaungket Keow နှင့် NCA လက်မှတ်ရေးထိုးခဲ့သည့် ပြည်တွင်းအသိသက်သေများ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား)ဦးအောင်မင်းတို့က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် ဂုဏ်ပြုစကားများ အသီးသီးပြောကြားကြသည်။ **(ဂုဏ်ပြုစကားများကို စာမျက်နှာ(၂၄၊၂၅၊၂၆)တွင် သီးခြားဖော်ပြထားပါသည်)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကောင်စီအဖွဲ့ဝင်များသည် NCA-S-EAO တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဂုဏ်ထူးဆောင်ဘွဲ့ချီးမြှင့်ခံရသည့် ငြိမ်းချမ်းရေးအကျိုးတော်ဆောင်များ၊ အိမ်နီးချင်းနိုင်ငံများ၏ အထူးကိုယ်စားလှယ်များ၊ EAO အထောက်အကူပြုများနှင့်လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ မြန်မာနိုင်ငံအခြေစိုက်သံရုံးများမှ သံတမန်များနှင့်လည်းကောင်း၊ နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌများနှင့် ကိုယ်စားလှယ်များ၊ အစိုးရဘက်မှ NCA လက်မှတ် ရေးထိုးထားသူများ၊ ပြည်တွင်းအသိသက်သေများ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ခဲ့သူများနှင့်လည်းကောင်း၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ကော်မတီ၊ ကော်မရှင်များမှ ပုဂ္ဂိုလ်များ၊ တပ်မတော်အရာရှိကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီတို့မှ ကော်မတီဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ဝင်များ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးအဖွဲ့ဝင်များနှင့်လည်းကောင်း

**စာမျက်နှာ ၁၉ သို့**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

နှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်ပြီး တိုင်းရင်းသားအကအဖွဲ့များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများကို ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ရှစ်ဖွဲ့တို့က ကုလသမဂ္ဂတစ်ဖွဲ့တည်းက ရေးဆွဲထားခြင်းမျိုးမဟုတ်ဘဲ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ လိုလားချက်များနှင့် အဆိုပြုချက်များကို မူတည်၍ နိုင်ငံတော်အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြိမ်ကြိမ်ဆွေးနွေးညှိနှိုင်း သဘောတူရေးဆွဲထားသည့် စာချုပ်တစ်ခုဖြစ်ကြောင်း၊ NCA စာချုပ်လက်မှတ်ရေးထိုးခြင်းနှစ်ပတ်လည်နေ့များကို လေးနှစ်ဆက်တိုက် ကျင်းပနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ၂၀၂၀ ပြည့်နှစ် ငါးနှစ်မြောက်နှစ်ပတ်လည်နေ့ကို အခမ်းအနားကျင်းပနိုင်ခဲ့မှုမရှိသော်လည်း သဝဏ်လွှာများအပြန်အလှန်ပေးပို့၍ နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုခဲ့ပါကြောင်း၊ ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တွင် နှစ်ပတ်လည်နေ့များကို ပြန်လည်ကျင်းပခဲ့ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံး

စာမျက်နှာ ၁၈ မှအဆက်

စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုင်းရင်းသား၊ တိုင်းရင်းသူများက တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို ဂုဏ်ပြုဖော်ကျူးထားသည့် "ငြိမ်းချမ်းရေးလက်မြဲမြဲဆက်" တေးသီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများက "ပြည်ထောင်စုရဲ့မြောက်ဘက်ဆီသို့အလည်လာပါ"၊ "ကယားတို့၏ သဘာဝအလှနှင့် စုပေါင်းအက"၊ "ငြိမ်းချမ်းဝေဆာ ပြည်မြန်မာ"၊ "စည်းလုံးခြင်း" တေးသီချင်းတို့ဖြင့်လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "အ အက္ခရာအောင်ပါစေ" တေးသီချင်းဖြင့်လည်းကောင်း၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့မှ တိုင်းရင်းသား၊ တိုင်းရင်းသူများက "ဝန်းရံကြမည် အမိမြန်ပြည်"၊ "လည်ဖောင်လာပါ ပြည်ဧည့်သည်"၊ "ရှမ်းတောင်တန်းအလှနှင့် ရှမ်းတို့ရိုးရာအက" တေးသီချင်းတို့ဖြင့်လည်းကောင်း၊





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာအကအဖွဲ့များစုပေါင်း၍ "သွေးရင်းများပီပီ" တေးသီချင်းဖြင့်လည်းကောင်း သရုပ်ဖော် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီဥက္ကဋ္ဌက ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ အကအဖွဲ့များနှင့် တိုင်းရင်းသားအကအဖွဲ့များကို "ငြိမ်းချမ်းရေးဂုဏ်ပြုပန်းခြင်း" အပါအဝင် နိုင်ငံတကာသံတမန်များနှင့် အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် မွန်ပြည်သစ်ပါတီနှင့် လားဟူဒီမိုကရက်တစ် အစည်းအရုံးတို့ ထပ်မံပါဝင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ NCA စာချုပ်သည် တစ်ဦးတစ်ယောက် ညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် ယနေ့တွင်ကျရောက်သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို နိုင်ငံတော်အဆင့်ခမ်းနားထည်ဝါစွာဖြင့် ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

# အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ကြိမ်၊ဝါး၊ဗေဒါလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲပြုလုပ်



တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းတို့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း (MSME)ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြသထားသည့် ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်း(MSME) ကြိမ်၊ ဝါး၊ ဗေဒါ လက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ရှိ ယမုံနာဦးဟိုတယ်၌ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း(MSME) ကြိမ်၊ဝါး၊ဗေဒါလက်မှုထုတ်ကုန်ပစ္စည်းပြပွဲနှင့် ဈေးရောင်းပွဲတော်ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME) ပြပွဲနှင့် ဈေးရောင်းပွဲတော်တွင် ပြသထားသည့် ထုတ်ကုန်ပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

# စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ၄၂၇၅ ကျပ် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် အောက်တိုဘာ ၁၅**

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်းဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင်ဖြစ်ပေါ်နေသည့် FOBဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်းကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်မှ အောက်တိုဘာ ၂၂ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၂၇၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr.Deng Xijun ကို အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr.Deng Xijun တို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

☆ **ကျောဖုံးမှအဆက်**

ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်နှင့်အတူအဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံဆိုင်ရာတရုတ်နိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က မြန်မာနိုင်ငံအတွက်အရေးကြီးသည့် ငြိမ်းချမ်းရေးနှစ်ပတ်လည်နေ့အခမ်းအနားကို တရုတ်နိုင်ငံကိုယ်စားလာရောက်တက်ရောက်သည့်အတွက် ကျေးဇူးတင်ရှိပါကြောင်းပြောကြားပြီး တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ်က တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သဖြင့် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်တွင်းငြိမ်းချမ်းရေးရရှိရေးအတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်မှ NCAလမ်းကြောင်းပေါ်မှ ခိုင်မာစွာရပ်တည်၍ ကြိုးပမ်းဆောင်ရွက်လျက်သကဲ့သို့ တရုတ်နိုင်ငံမှလည်း ကူညီဆောင်ရွက်ပေးလျက်ရှိမှုအခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ခိုင်မာစွာရပ်တည်ထောက်ခံလျက်ရှိသည့်အခြေအနေများနှင့် နိုင်ငံပြိုကွဲစေမည့်လုပ်ဆောင်မှုများကို လက်ခံမှုမရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့်လည်း တရုတ်နိုင်ငံနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးနှင့်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံနယ်စပ်ဒေသများတွင်အခြေပြု၍ အိမ်နီးချင်းနိုင်ငံများ၏ အကျိုးစီးပွားကိုထိခိုက်စေမည့် လုပ်ဆောင်ချက်များကို လက်သင့်ခံမှုမရှိသည့်အခြေအနေများ၊ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ငြိမ်းချမ်းရေးဆောင်ရွက်ရာတွင် NCAစာချုပ်ကဲ့သို့ ခိုင်မာမှု၊ တရားဝင်မှုရှိသည့်စာချုပ်ချုပ်ဆိုနိုင်ခြင်းမရှိဘဲသဘောတူညီချက်များ၊ကတိကဝတ်များဖြင့်သာ ဆောင်ရွက်ခဲ့ကြမှုအခြေအနေများနှင့် ခိုင်မာလေးနက်တရားဝင်မှုရှိသည့် NCAလမ်းကြောင်းအပေါ် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြရန် တိုက်တွန်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းမှုအပေါ် ခိုင်မာစွာရပ်တည်ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ အွန်လိုင်းလောင်းကစားမှုများနှင့် အွန်လိုင်းလိမ်လည်မှုများ ပပျောက်စေရေး နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်ကိစ္စရပ်များ၊ ရခိုင်ပြည်နယ်အတွင်းရှိနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့်ပတ်သက်၍ ဆောင်ရွက်လျက်ရှိမှုအခြေအနေများနှင့်ပတ်သက်ပြီးရင်းနှီးပွင့်လင်းစွာဖြင့် အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၊ အာရှရေးရာအထူးကိုယ်စားလှယ်အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းနှင့် ပဲခူး-မော်လမြိုင်ရထားလမ်းပိုင်း ရထားလမ်း ရေကျော်နေရာများတွင် ရေပြန်လည်ကျဆင်းပြီဖြစ်၍ ရထားခရီးစဉ်များ ပြန်လည်ပြေးဆွဲလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၅**

အောက်တိုဘာ ၈ ရက် နံနက်ပိုင်းမှစတင်၍ ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေများစီးဆင်းလာပြီး ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်း ရေနစ်မြုပ်မှုကြောင့် ရထားခရီးစဉ်များ ယာယီဖျက်သိမ်းခဲ့ရသည်။



အောက်တိုဘာ ၁၁ ရက်မှစ၍ ရေများပြန်လည်ကျဆင်းလာပြီးနောက် လမ်းပိုင်းများအတွင်းသို့ မြန်မာ့မီးရထားတာဝန်ရှိသူများက လမ်း၏ကြံ့ခိုင်မှုအခြေအနေကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး ကျောက်ချခြင်း၊ ကျောက်စီခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြသည်။ ထို့နောက် အောက်တိုဘာ ၁၄ ရက်တွင် ကျောက်ရထားတွဲဆိုင်း ၁၄ တွဲပါဝန်ပြည့်တင်ဆောင်ပြီး ရေနစ်မြုပ်ခဲ့သည့် လမ်းပိုင်းဖြစ်သော ပဲခူး-ကလိ-နောင်ပတ္တရားနှင့် ပဲခူး-ဘုရားကြီး ရထားလမ်းပိုင်းတို့ကို အသွား၊အပြန် စမ်းသပ်မောင်းနှင်၍ ရထားများသွားလာနိုင်ပြီဖြစ်သဖြင့် အောက်တိုဘာ ၁၄ ရက်မှစတင်ပြီး ရန်ကုန်-မန္တလေးနှင့် ရန်ကုန်-မော်လမြိုင် လူစီးရထားများ ပုံမှန်အချိန်အတိုင်း ပြန်လည်ပြေးဆွဲပေးလျက်ရှိသည်။

ယနေ့ ရန်ကုန်-မန္တလေးလမ်းပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ ညနေ ၃ နာရီ ၄၅ မိနစ်တွင် ထွက်ခွာသော အမှတ်(၅)အဆန် လူစီးအမြန်ရထားတွင် အထက်တန်း၊ ရိုးရိုးတန်း ခရီးသည် ၂၉၃ ဦးနှင့် ညနေ ၄ နာရီ ၄၅ မိနစ်တွင် ထွက်ခွာသော အမှတ်(၃) အဆန် လူစီးအမြန်ရထားတွင် အထက်တန်း၊ ရိုးရိုးတန်း ခရီးသည် ၁၅၈ ဦး၊ မန္တလေးဘူတာကြီးမှ ညနေ ၃ နာရီတွင် ထွက်ခွာလာသော အမှတ်(၆) အစုန်လူစီးအမြန်ရထားတွင် အထက်တန်း၊ရိုးရိုးတန်း ခရီးသည် ၂၂၅ ဦးနှင့် ညနေ ၄ နာရီတွင် ထွက်ခွာလာသော အမှတ်(၄) အစုန်လူစီးအမြန်ရထားတွင် အထက်တန်း၊ရိုးရိုးတန်း ခရီးသည် ၆၈ ဦးလိုက်ပါစီးနင်းခဲ့သည်။

ထို့အတူ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် ရန်ကုန်ဘူတာကြီးမှ နံနက် ၆ နာရီခွဲတွင်ထွက်ခွာသော အမှတ်(၈၁)အဆန် လူစီးအမြန်ရထားတွင် အထက်တန်း၊ ရိုးရိုးတန်း ခရီးသည် ၂၇၆ ဦးနှင့်မော်လမြိုင်မှ နံနက် ၈ နာရီခွဲတွင် ထွက်ခွာလာသော အမှတ်(၈၂) အစုန်လူစီးအမြန်ရထားတွင် အထက်တန်း၊ ရိုးရိုးတန်းခရီးသည်ဦးရေ ၂၆၀ လိုက်ပါစီးနင်းခဲ့သည်။ရထားလမ်းပိုင်းရေကြီးနစ်မြုပ်မှုကြောင့် ရထားများတစ်ပတ်ခန့်ရပ်နားခဲ့ရပြီး ယခုပုံမှန်ပြန်လည်ပြေးဆွဲပေးရာတွင် ရထားစီးခရီးသည်စီးနင်းမှု များပြားလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုပဟိုကော်မတီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုခြင်း ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်း



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား -**

လွန်ခဲ့တဲ့ ရှစ်နှစ်က အခုလိုအချိန်မှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(Nationwide Ceasefire Agreement–NCA)မှာပါဝင်ကြသူများ၊ NCA စာချုပ်ကြီးလက်မှတ်ရေးထိုးနိုင်ရေးအတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြတဲ့ တိုင်းရင်းသားခေါင်းဆောင်များ၊ ပြည်တွင်းနဲ့ နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်ထောင်စုကြီးအတွင်းမှာရှိကြတဲ့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံးကိုယ်စိတ်နှစ်ဖြာကျန်းမာချမ်းသာကြပါစေကြောင်းနဲ့ တိုင်းပြည်ရဲ့ငြိမ်းချမ်းရေးအကျိုးကို ဆတက်ထမ်းပိုးထမ်းဆောင်နိုင်ကြပါစေကြောင်း ဦးစွာဆုမွန်ကောင်းတောင်းရင်းနှုတ်ခွန်းဆက်သအပ်ပါတယ်။

ဒီနေ့ဟာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)စာချုပ်ချုပ်ဆိုခဲ့တဲ့ ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်ပါတယ်။ ပါတီစုံဒီမိုကရေစီပထမအစိုးရလက်ထက် ငြိမ်းချမ်းရေးဖိတ်ခေါ်မှုဟာ တိုင်းရင်းသားလက်နက်ကိုင်တွေအနေနဲ့ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ချုပ်ဆိုခြင်းနဲ့ ဆက်လက်ဆွေးနွေးမှုများကရရှိလာတဲ့ ရလဒ်တွေကိုအခြေခံပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ငြိမ်းချမ်းရေးကို တည်ဆောက်ဖို့ပဲဖြစ်ပါတယ်။ NCA စာချုပ်ဆွေးနွေးညှိနှိုင်းရေးဆွဲရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့လိုလားချက်တွေကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်တိုင်တွေ့ဆုံဆွေးနွေးခြင်း၊ ညှိနှိုင်းခြင်းတွေပြုလုပ်ပြီး နိုင်ငံတော်အဆင့်သဘောတူညီချက်စာချုပ်အဖြစ် ဆုံးဖြတ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် မရှိမဖြစ်လိုအပ်တဲ့ ငြိမ်းချမ်းရေးရရှိနိုင်ဖို့ မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ မရှိဘူးတဲ့လိုက်လျောမှု၊ သဘောထားကြီးမှု၊ စိတ်ရှည်သည်းခံမှု၊ ငြိမ်းချမ်းရေးကိုလိုလားမှုတို့အတွက် သမိုင်းမှတ်တိုင်လည်းဖြစ်ပါတယ်။

NCA စာချုပ်ဟာ လွယ်လင့်တကူဖြစ်ပေါ်လာတာမဟုတ်ပါဘူး။ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ စတင်ဖိတ်ခေါ်တဲ့နေ့ကစပြီး NCAစာချုပ်ရရှိသည်အထိ ရက်ပေါင်း ၁၄၅၀ မျှကြာမြင့်ခဲ့ပါတယ်။ အဲဒီကာလအတွင်း အစည်းအဝေးတွေ၊ တွေ့ဆုံညှိနှိုင်းမှုတွေစုစုပေါင်း အကြိမ် ၅၀၀၀ ကျော်အထိပြုလုပ်ခဲ့ရပါတယ်။ ဒီလိုကြိုးစားပြီးဆောင်ရွက်ခဲ့တာကြောင့် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ အဖွဲ့အစည်းများ၊ တိုင်းရင်းသားကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှအသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်မှာ ခမ်းနားထည်ဝါစွာ NCA စာချုပ်ကိုလက်မှတ်ရေးထိုးနိုင်ခဲ့ကြပါတယ်။ ပြည်ထောင်စုလွှတ်တော်က Union Accord အဖြစ် အတည်ပြုပေးထားတဲ့ သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှုပျက်ပြယ်မှုမရှိဘဲ တည်တံ့နေမည့်စာချုပ်ဖြစ်တာကြောင့် တပ်မတော်အနေနဲ့ NCA စာချုပ်အပေါ်မှာသာ အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား -**

ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးနဲ့အတူ လက်နက်ကိုင်ပဋိပက္ခတွေဖြစ်ပေါ်လာခဲ့တာ နှစ်ပေါင်း ၇၅ နှစ်ကျော်လွန်ခဲ့ပြီဖြစ်ပါတယ်။ လက်နက်ကိုင်ပဋိပက္ခ ဘာ့ကြောင့်ဖြစ်ပွားနေရတာလဲဆိုတာ ပြန်လည်ဆန်းစစ်ကြည့်ဖို့လည်းလိုပါလိမ့်မယ်။ သမိုင်းကြောင်းကိုသိမှ ပစ္စုပ္ပန်ကာလမှာ အားနည်းချက်တွေကိုသိမြင်ပြီး အနာဂတ်အတွက် အကျိုးဖြစ်ထွန်းစေမှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့အမိမြန်မာနိုင်ငံတော်ကြီးကို နယ်ချဲ့အင်္ဂလိပ်တို့ဟာ ၁၈၂၄ ခုနှစ်ကစလို့ မတရားကျူးကျော်စစ်သုံးကြိမ်ပြုခဲ့ပြီး သူ့ကျွန်ဘဝကိုသွတ်သွင်းခဲ့ပါတယ်။ မြန်မာနိုင်ငံကို အရှည်သဖြင့် ကျွန်ပြုနိုင်ဖို့အတွက် ၁၈၈၆ ခုနှစ် နိုဝင်ဘာလ ၂၉ ရက်နေ့မှာ အထက်မြန်မာပြည်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပါတယ်။ ၁၈၈၈ ခုနှစ်မှာ ရှမ်းပြည်နယ်အက်ဥပဒေ၊ ၁၈၈၉ ခုနှစ် စက်တင်ဘာလမှာ မြန်မာပြည်ကျေးရွာဥပဒေ၊ ၁၈၉၅ ခုနှစ်မှာ ကချင်တောင်တန်းလူမျိုးစုများစည်းမျဉ်းဥပဒေ၊ ၁၈၉၆ ခုနှစ်မှာ ချင်းတောင်တန်းစည်းမျဉ်းဥပဒေ၊ ၁၉၂၂ ခုနှစ် အောက်တိုဘာလ ၁ ရက်နေ့မှာ ရှမ်းပြည်နယ်ကိုအုပ်ချုပ်ဖို့ ပဒေသရာဇ်ကောင်စီကိုဖွဲ့စည်းပြီး ရှမ်းပြည်တောင်ပိုင်းနဲ့ မြောက်ပိုင်းခွဲခြားခြင်းစသည်ဖြင့် တောင်ပေါ်မြေပြန့်တစ်ခုချင်းစီကို ဥပဒေတွေပြဋ္ဌာန်းပြီးနှစ်ပေါင်းတစ်ရာကျော် သွေးခွဲအုပ်ချုပ်ခဲ့ကြပါတယ်။ ဒ့ါအပြင် မြန်မာပြည်မကို အုပ်ချုပ်ရာမှာလည်း ကွဲပြားခြားနားမှုများပြားအောင်လုပ်ဆောင်ခဲ့တာတွေ့ရပါတယ်။ ၁၉၃၇ ခုနှစ်မှာ စတင်ကျင့်သုံးခဲ့တဲ့ **"၉၁ ဌာနအုပ်ချုပ်ရေးစနစ်"**မှာ ၎င်းတို့အုပ်ချုပ်ရေးကို အထောက်အကူပြုဖို့ အောက်လွှတ်တော်မှာ အမတ် ၁၃၂ ဦး ရွေးချယ်ရပါတယ်။ ဒီလိုရွေးချယ်ရာမှာ မြန်မာပြည်မြို့ကြီးများမှ ၁၃ ဦး၊ တောမြို့-တောနယ်မှ ၇၈ ဦး၊ ကရင်တောနယ်မှ ၁၂ ဦး၊ အိန္ဒိယ တစ်ဦး၊ အင်္ဂလိပ်ကပြား နှစ်ဦး၊ အိန္ဒိယကုန်သည်အသင်း နှစ်ဦး၊ တရုတ်ကုန်သည်အသင်း တစ်ဦး၊ မြန်မာကုန်သည်ကြီးများအသင်း ငါးဦး စသဖြင့် ထည့်သွင်းထားတာကိုတွေ့ရပါတယ်။ တိုင်းရင်းသားလူမျိုးများစွာပျံ့နှံ့စုပေါင်းနေထိုင်နေတဲ့ မြန်မာနိုင်ငံမှာ ဒီလိုရွေးချယ်မှုဟာ ဘာကိုဦးတည်စေသလဲဆိုတာသတိပြုမိနိုင်မှာဖြစ်ပါတယ်။ အဲဒီလိုနှစ်ပေါင်းရာချီပြီး သွေးခွဲခဲ့တာကြောင့် တိုင်းရင်းသားအချင်းချင်း သူစိမ်းပြင်ပြင်ဖြစ်ခဲ့ရုံသာမက ယုံကြည်မှုတွေလျော့နည်းခဲ့တာကို တွေ့ရှိရမှာဖြစ်ပါတယ်။

၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးစမှာ နိုင်ငံရေးပါတီတွေရဲ့ အာဏာလွန်ဆွဲမှုတွေဟာ ပြင်းထန်လာခဲ့တာကို တွေ့ရှိရပါတယ်။ ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့မှာ ဗမာပြည်ကွန်မြူနစ်ပါတီဟာ နိုင်ငံရေးသဘောထားကွဲလွဲမှုကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ခဲ့ရာကစလို့ ပြည်တွင်းစစ်မီးစတင်တောက်လောင်ခဲ့ပါတယ်။ တပ်မတော်အနေနဲ့ တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့ မိမိထက်အဆမတန်အင်အားများတဲ့ ရောင်စုံသောင်းကျန်းသူတွေကို တိုက်ခိုက်ခဲ့ရပါတယ်။ ဧရာဝတီတိုင်းနဲ့ ပဲခူးရိုးမပေါ်မှာရှိတဲ့ ကွန်မြူနစ်သောင်းကျန်းသူတွေကို တပ်မတော်နဲ့ပြည်သူလက်တွဲပြီး ထိုးစစ်ဆင်တိုက်ခိုက်ခဲ့တာကြောင့် သောင်းကျန်းသူတွေဟာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နဲ့ ကရင်ပြည်နယ်ဘက်တွေကို ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြပါတယ်။ ကွန်မြူနစ်တွေဟာ အဲဒီဒေသမှာရှိတဲ့ ရိုးသားတဲ့တိုင်းရင်းသားတွေကို အဓမ္မလူသစ်စုဆောင်းကြရုံသာမက **"အစိုးရဆန့်ကျင်ရေး"**နဲ့ **"လူမျိုးရေးလွတ်မြောက်ရေး"** စတဲ့ နိုင်ငံရေးမှိုင်းတွေနဲ့ သွေးထိုးခဲ့ကြပါတယ်။ ရိုးသားတဲ့တိုင်းရင်းသားတွေအပေါ် နယ်ချဲ့တို့ရဲ့နှစ်ပေါင်းများစွာသွေးခွဲခဲ့မှုနဲ့ ဗမာပြည်ကွန်မြူနစ်ပါတီရဲ့ **"လူမျိုးရေးလွတ်မြောက်ရေး"**ဆိုတဲ့ သွေးထိုးမှုတွေကြောင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တစ်စတစ်စပေါ်ပေါက်လာခဲ့ရတာဖြစ်ပါတယ်။ တပ်မတော်ကို မုန်းတီးလို့ပေါ်ပေါက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းဆိုတာ ယနေ့အထိမရှိခဲ့ပါဘူး။ နိုင်ငံရေးအယူအဆကွဲလွဲမှုတွေကို နိုင်ငံရေးနည်းနဲ့မဖြေရှင်းဘဲ လက်နက်စွဲကိုင်ခဲ့ကြရာက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေရခြင်းသာဖြစ်ပါတယ်။ လက်ရှိကျွန်တော်တို့နိုင်ငံမှာဖြစ်ပျက်နေတဲ့ အခြေအနေတွေကို သုံးသပ်ကြည့်ရင်လည်း လွတ်လပ်ရေးရပြီးကာစ လက်နက်ကိုင်ပဋိပက္ခများဖြစ်ပေါ်ခဲ့တဲ့ အခြေအနေမျိုးဖြစ်နေတာကိုလည်း တွေ့ရှိရပါတယ်။ ဒီမိုကရေစီရေးကိုဆောင်ရွက်နေပါတယ်ဆိုသူတွေကိုယ်တိုင် မဲမသမာမှုတွေဆောင်ရွက်ခဲ့ပြီး ဥပဒေနဲ့အညီ ဒီမိုကရေစီနည်းလမ်းကျဖြေရှင်းခဲ့ခြင်းမရှိဘဲ လက်နက်ကိုင်အကြမ်းဖက်လမ်းစဉ်ကိုရွေးချယ်ခဲ့ပါတယ်။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးကာကွယ်နေပါတယ်ဆိုတဲ့ ပြည်ပနိုင်ငံအချို့ကလည်း ဒီမိုကရေစီစနစ်နဲ့ဆန့်ကျင်ဘက်ဖြစ်တဲ့ ဒီလက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုတွေကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်ဖြစ်စေ အားပေးတာတွေ၊ မြှောက်ထိုးပင့်ကော်ပြုလုပ်နေတာကို တွေ့ရပါတယ်။ ဒါတွေဟာ မြန်မာပြည်သူလူထုရဲ့ဆန္ဒဖြစ်တဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို နှောင့်နှေးစေတာ၊ ဒီမိုကရေစီအမည်ခံ အာဏာရှင်စနစ်ကို အားပေးနေတာပဲဖြစ်ပါတယ်။ ဒါတွေကိုအားလုံးကသတိပြုမိစေလိုပါတယ်။ ကျွန်တော်တို့အစိုးရအနေနဲ့ကတော့ ပြည်သူ့ဆန္ဒဖြစ်တဲ့ စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို မလွဲမသွေဆက်လက်လျှောက်လှမ်းသွားမှာပဲဖြစ်ပါတယ်။ ဒီလိုလျှောက်လှမ်းနိုင်ဖို့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကျင်းပနိုင်ရေး လိုအပ်တဲ့ပြင်ဆင်မှုတွေ၊ အခင်းအကျင်းတွေကို ဆက်လက်ဆောင်ရွက်လျက်ရှိနေပါတယ်။ မဲဆန္ဒရှင်ပြည်သူများရဲ့ဆန္ဒမှန်ကို ထုတ်ဖော်နိုင်တဲ့ လွတ်လပ်တရားမျှတတဲ့ အထွေထွေရွေးကောက်ပွဲကို မဖြစ်မနေပြုလုပ်ပေးသွားမှာဖြစ်ကြောင်းလည်း အလေးအနက်ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား -**

လွတ်လပ်ရေးရရှိပြီးချိန်ကစလို့ နိုင်ငံတော်ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းကိုလည်း ပြန်လည်သုံးသပ်ကြည့်ဖို့လည်းလိုပါတယ်။ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်၊ ၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ တော်လှန်ရေးကောင်စီအစိုးရလက်ထက် ဆိုရှယ်လစ်စနစ်အုတ်မြစ်ချသည့်ကာလ၊ ၁၉၇၄ ခုနှစ်မှ ၁၉၈၈ ခုနှစ်အထိ ဆိုရှယ်လစ်စနစ်၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် မတ်လ ၃၁ ရက်နေ့အထိ ပါတီစုံဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေး အခြေခံအုတ်မြစ်ချသည့်ကာလတို့ကို ဖြတ်သန်းခဲ့ပြီး ၂၀၁၁ ခုနှစ်မှ ယနေ့အထိကာလဟာ ဒီမိုကရေစီစနစ်လျှောက်လှမ်းနေဆဲကာလပဲဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးကို ခေတ်အဆက်ဆက်ဖိတ်ခေါ်ကမ်းလှမ်းခဲ့ပါတယ်။ တပ်မတော်အစိုးရလက်ထက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေးဖိတ်ခေါ်ခဲ့ရာမှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ငြိမ်းချမ်းရေးရယူနိုင်ခဲ့ရုံသာမက လက်နက်နဲ့ ငြိမ်းချမ်းရေးအပြီးတိုင်လဲလှယ်ခဲ့ကြတဲ့ အဖွဲ့အစည်းတွေလည်းရှိခဲ့ပါတယ်။ တစ်နိုင်ငံလုံးနီးပါး ငြိမ်းချမ်းရေးတည်ဆောက်နိုင်ခဲ့တဲ့အထိရှိခဲ့လို့ တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး ငြိမ်းချမ်းရေးရဲ့အရသာကို လက်တွေ့ခံစားခဲ့ကြရပါတယ်။ အဲဒီခေတ်က တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေအကြား နိုင်ငံရေးအရောင်အသွေးမပါဘဲ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲပြီး

**စာမျက်နှာ ၂၂ သို့**

စာမျက်နှာ ၂၁ မှအဆက်

**"နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရမည်"** ဆိုတဲ့ တူညီတဲ့သဘောထား တစ်ထပ်တည်းရှိနေလို့ပဲဖြစ်ပါတယ်။ အဲဒီကာလ ငြိမ်းချမ်းရေး ဆောင်ရွက်ရာမှာ NCA စာချုပ်ကဲ့သို့ ခိုင်မာမှု၊ တရားဝင်မှုရှိတဲ့စာချုပ် ချုပ်ဆိုနိုင်ခြင်းမရှိဘဲ သဘောတူညီချက်များ၊ ကတိကဝတ်များနဲ့သာ ဆောင်ရွက်ခဲ့ကြတာဖြစ်ပါတယ်။ ယခုထိ ဒီသဘောတူညီချက်၊ ကတိကဝတ်တွေကို လိုက်နာစောင့်ထိန်းနေတဲ့ အဖွဲ့အစည်းများလည်း ရှိပါတယ်။ ဒီအဖွဲ့များကိုလည်း ခိုင်မာလေးနက်တရားဝင်မှုရှိတဲ့ NCA လမ်းကြောင်းအပေါ် လျှောက်လှမ်းပြီး ထာဝရငြိမ်းချမ်းရေးတည်ဆောက်ကြဖို့ တိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

နိုင်ငံတစ်နိုင်ငံရဲ့စနစ်တစ်ခုကို ပြောင်းလဲလျှောက်လှမ်းရာမှာ အစိုးရက ပြောင်းလဲလို့မရပါဘူး။ ပြည်သူဆန္ဒပါမှ ပြောင်းလဲလို့ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ ၁၉၄၈ ခုနှစ်မှ ၁၉၆၂ ခုနှစ်အထိ ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့ပါတယ်။ နောက်ပိုင်းမှာ ဆိုရှယ်လစ်စနစ်ကို လျှောက်လှမ်းနိုင်ဖို့အတွက် ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကို ၁၉၇၄ ခုနှစ် ဇန်နဝါရီလ ၃ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူမှုပြုလုပ်ခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူ ၉၀ ဒသမ ၁၉ ရာခိုင်နှုန်းရဲ့ ထောက်ခံမှုနဲ့ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို လျှောက်လှမ်းခဲ့ပါတယ်။ ၁၉၈၈ ခုနှစ်မှာ တစ်ပါတီစနစ်မှ ပြည်သူလူထုတောင်းဆိုလာတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ဖို့အတွက် လိုအပ်တဲ့ဖွဲ့စည်းပုံအခြေခံဥပဒေကို တိုင်းရင်းသားကိုယ်စားလှယ်ကြီးများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ စုပေါင်းညှိနှိုင်းရေးဆွဲပြီး ၂၀၀၈ ခုနှစ် မေလ ၂၉ ရက်နေ့မှာ ပြည်လုံးကျွတ်ဆန္ဒခံယူခဲ့ပါတယ်။ မဲဆန္ဒရှင်ပြည်သူ ၉၂ ဒသမ ၄၈ ရာခိုင်နှုန်း ထောက်ခံမှုရရှိခဲ့တာကြောင့် ယနေ့ပြဋ္ဌာန်းကျင့်သုံးနေတဲ့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ဖြစ်ပေါ်လာတာဖြစ်ပါတယ်။

ဒီနေရာမှာ NCA စာချုပ်ရဲ့ဖြစ်ပေါ်လာပုံနဲ့သဘောတရား၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ပေါ်လာပုံနဲ့ သဘောတရားတွေကို ကွဲကွဲပြားပြားသိဖို့လိုအပ်ပါတယ်။ NCA စာချုပ်ဟာ နိုင်ငံတော်နဲ့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအကြား ကတိကဝတ်ပြုသဘောတူညီချက်၊ သဘောတူစာချုပ်ဖြစ်ပါတယ်။ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကတော့ နိုင်ငံတော်နဲ့ နိုင်ငံသူနိုင်ငံသား တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးအကြား အာမခံချက်ပေးထားတဲ့ ဥပဒေဖြစ်ပါတယ်။ အဖွဲ့အစည်း နှစ်ခုအကြား သဘောတူညီချက် ကတိကဝတ်ဟာ နိုင်ငံသူ၊ နိုင်ငံသား တိုင်းရင်းသားပြည်သူလူထုအားလုံးအပေါ်မှာထားရမယ့် သဘောတူညီချက်၊ အာမခံချက်ပြုထားတဲ့ ဥပဒေအပေါ်မှာ လွှမ်းမိုးဖို့မသင့်ပါဘူး။ ဆိုလိုတာက NCA ကိုအလေးအနက်ထားရမှာဖြစ်ပေမယ့် NCA စာချုပ်ကနေတစ်ဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးအတွက် ဆောင်ရွက်ရာမှာ အခြေခံဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဒါ့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ ထင်မြင်ချက်၊ ယူဆချက်၊ လိုလားချက်တွေကို တူညီဆန္ဒများအဖြစ် စုစည်းဆွေးနွေးနေတာဖြစ်ပါတယ်။ ဒီအထဲက အခြေခံဥပဒေကိုပြင်ဆင်ရမယ့်အချက်များပါလာရင် နောင်ဖြစ်ပေါ်လာမယ့် လွှတ်တော်အသီးသီးကတစ်ဆင့် အဆုံးအဖြတ်ကိုခံယူဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုရာမှာလည်း ကျွန်တော်တို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက ဒီနေ့အထိ ဖွဲ့စည်းပုံအခြေခံဥပဒေ သုံးခု ကျင့်သုံးခဲ့တဲ့အနက် ပထမဆုံးကျင့်သုံးခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ မြန်မာနိုင်ငံလွတ်လပ်ရေးရဖို့ကို ရည်ရွယ်ပြီး အငြင်းပွားဖွယ်ရာများနဲ့ အဆောတလျင်ရေးဆွဲခဲ့ရတဲ့အပြင် တိုင်းပြုပြည်ပြုလွှတ်တော်မှာသာ အတည်ပြုထားတဲ့ဥပဒေဖြစ်ပါတယ်။ နယ်ချဲ့တွေဟာ မြန်မာနိုင်ငံကို ဥပဒေအမျိုးမျိုး၊ အုပ်ချုပ်မှုစနစ်အမျိုးမျိုးနဲ့ သွေးခွဲအုပ်ချုပ်ခဲ့တဲ့အပြင် လွတ်လပ်ရေးပေးရာမှာလည်း တောင်တန်း၊ ပြည်မခွဲခြားပေးဖို့ ဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း ၁၉၄၁-၁၉၄၃ ခုနှစ် ဘီအိုင်အေ(BIA)၊ ဘီဒီအေ(BDA)ခေတ်မှာ **"လွတ်လပ်ရေးသည်ပထမ၊ လွတ်လပ်ရေးသည်ဒုတိယ၊ လွတ်လပ်ရေးသည်တတိယ"**ဆိုပြီး နိုင်ငံရေးရည်မှန်းချက်ထားဆောင်ရွက်ခဲ့ပါတယ်။ လွတ်လပ်ရေးအကြိုကာလ ၁၉၄၃-၁၉၄၅ ခုနှစ် ဘီအင်န်အေ(BNA)၊ ပီဘီအက်ဖ်(PBF)ခေတ်မှာ **"လွတ်လပ်ရေးသည်ပထမ၊ ဒီမိုကရေစီရေးသည်ဒုတိယ၊ ဆိုရှယ်လစ်ဝါဒရေးသည်တတိယ"**ဆိုပြီး နိုင်ငံရေးရည်မှန်းချက်ထားဆောင်ရွက်ခဲ့ပါတယ်။ သတိပြုစရာက လွတ်လပ်ရေးမရခင် အဲဒီခေတ်ကတည်းက မြန်မာနိုင်ငံဟာ ဆိုရှယ်လစ်စနစ်တည်ထောင်ရေးကို ရည်မှန်းချက်ရှိခဲ့တယ်ဆိုတာပဲဖြစ်ပါတယ်။

သို့သော် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ ဆိုရှယ်လစ်စနစ်နဲ့ပတ်သက်တဲ့ ပြဋ္ဌာန်းချက်မျိုးမတွေ့ရပါဘူး။ ဘာကြောင့်လည်းဆိုတာ သမိုင်းအထောက်အထားတွေနဲ့ ပြန်လေ့လာကြည့်မယ်ဆိုရင် ဒီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေဟာ ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့ လန်ဒန်မှာချုပ်ဆိုခဲ့တဲ့ အောင်ဆန်း-အက်တလီစာချုပ်ကိုအခြေခံပြီး ပေါ်ပေါက်လာခဲ့တာဖြစ်ကြောင်းတွေ့ရပါတယ်။ အဲဒီအချိန်မှာ လွတ်လပ်ရေးအမြန်ဆုံးရရှိဖို့သည်သာအဓိကလို့ အဖွဲ့အစည်းအသီးသီးက ခံယူကြိုးစားနေချိန်လည်းဖြစ်ပါတယ်။ ၁၉၄၇ ခုနှစ် အောက်တိုဘာလမှာ ကျင်းပမယ့် ဗြိတိသျှပါလီမန်အစည်းအဝေးမှာ မြန်မာနိုင်ငံလွတ်လပ်ရေးဥပဒေကြမ်း (Burma Independence Bill)ကို တင်သွင်းနိုင်မှသာ ပါလီမန်အစည်းအဝေးကအတည်ပြုတဲ့ အခွင့်အရေးရမှာလည်းဖြစ်ပါတယ်။ ဒါမှလည်း လွတ်လပ်ရေးအမြန်ရရှိမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲရာမှာ လွတ်လပ်ရေးကြိုးပမ်းမှုမှာပါဝင်ခဲ့တဲ့ အဖွဲ့အစည်းများအနေနဲ့ ဗြိတိသျှတို့အလိုကျ ထည့်ပေးခဲ့ရတဲ့ ပြဋ္ဌာန်းချက်များစွာပါဝင်ခဲ့တာကို တွေ့ရပါတယ်။ အဲဒီကာလမှာ ဆိုရှယ်လစ်စနစ်ဆိုတဲ့အသုံးအနှုန်းသာပါဝင်ခဲ့ရင် တိုင်းပြည်လွတ်လပ်ရေးရရှိဖို့ နှောင့်နှေးဖို့လည်းဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် အဲဒီခေတ်က ဗြိတိသျှတို့ကျင့်သုံးနေတဲ့ ပါလီမန်ဒီမိုကရေစီစနစ်ကို ရွေးချယ်ခဲ့တာလည်းဖြစ်နိုင်ပါတယ်။ ဒါ့ကြောင့် ဗမာပြည်ကွန်မြူနစ်ပါတီအနေနဲ့ မြန်မာနိုင်ငံရဲ့ လွတ်လပ်ရေးကို အတုအယောင်လွတ်လပ်ရေးလို့ စွပ်စွဲပြီး လွတ်လပ်ရေးရပြီး သုံးလခန့်အကြာမှာ တောခိုလက်နက်ကိုင်ဆန့်ကျင်ခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုနိုင်ငံရေးသဘောထားကွဲလွဲမှု၊ အယူအဆရေးရာကွဲလွဲမှုတွေကစပြီး ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခစတင်လာခဲ့တာတွေ့ပါတယ်။ ဒါကို ငြိမ်းချမ်းစွာဖြေရှင်းနိုင်ဖို့ ၁၉၄၈ ခုနှစ် ဇူလိုင်လ ၁၆ ရက်နေ့မှာ လက်ဝဲညီညွတ်ရေးကောင်စီကို ဖွဲ့စည်းလုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မူလကလက်ဝဲညီညွတ်ရေးမူ(၁၅)ချက်ကိုထုတ်ပြန်ခဲ့ပါတယ်။ အနောက်နိုင်ငံအချို့ရဲ့ ဖိအားပေးမှုတွေကြောင့် အချို့အချက်တွေကို ဖျက်သိမ်းခဲ့ရပါတယ်။ ဒါတွေကိုကြည့်ရင် အနောက်နိုင်ငံများရဲ့ ဝင်ရောက်စွက်ဖက်မှု ဘယ်လောက်ရှိခဲ့တယ်ဆိုတာ ထင်ရှားတဲ့သာဓကပဲဖြစ်ပါတယ်။ ဒီလိုတိုက်ရိုက်စွက်ဖက်မှု၊ သွယ်ဝိုက်စွက်ဖက်မှုတွေ၊ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် မြန်မာပြည်လွတ်လပ်ရေးရပြီးနောက် ကျင့်သုံးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်၊ ခွဲထွက်ခွင့်စတာတွေနဲ့ ပတ်သက်ရင် ပြည်ထောင်စုအတွက် အန္တရာယ်ရှိနိုင်တယ်လို့သတိထားသင့်ကြောင်း ၁၉၄၇ ခုနှစ် ဧပြီလ ၂၄ ရက်နေ့ တောင်တန်းဒေသစုံစမ်းရေးအဖွဲ့အစီရင်ခံစာမှာ စောစီးစွာထောက်ပြခဲ့တာကိုလည်းလေ့လာတွေ့ရှိရပါတယ်။

ဒီလိုနောက်ခံသမိုင်းအကြောင်းရင်းတွေကြောင့် ပြည်ထောင်စုနိုင်ငံရဲ့အနာဂတ်ဟာ စိုးရိမ်စရာဖြစ်လာခဲ့ပါတယ်။ နိုင်ငံရဲ့မရေမရာမသေချာတဲ့ဖြစ်ရပ်တွေကြောင့် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းမှာ ကိုယ်တိုင်ကိုယ်ကျပါဝင်ခဲ့တဲ့ ခေါင်းဆောင်များဟာ တော်လှန်ရေးကောင်စီလက်ထက်မှာ ဆိုရှယ်လစ်စနစ်ကို စတင်အုတ်မြစ်ချခဲ့ကြတာပဲဖြစ်တယ်။

ယနေ့ကျွန်တော်တို့ရဲ့ ခိုင်မာတဲ့နိုင်ငံရေးရည်မှန်းချက်ဟာ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုစနစ်တည်ဆောက်ရေးပဲဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်နဲ့ ဖက်ဒရယ်ဆိုတဲ့ ပေါင်းစည်းနေထိုင်ခြင်း၊ သဟဇာတဖြစ်ခြင်း၊ ခွဲဝေခံစားခြင်း၊ အုပ်ချုပ်မှုတာဝန်ခွဲဝေလုပ်ဆောင်ခြင်းတို့ပဲဖြစ်ပါတယ်။ ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ဆိုတာ အများစုကရွေးချယ်တဲ့ကိစ္စ၊ အများစုရဲ့ဆန္ဒကို ဥပဒေနဲ့အညီစီမံဖော်ဆောင်ခြင်းဖြစ်ပါတယ်။ အလားတူ ဒီမိုကရေစီရဲ့ကျင့်စဉ်အရ အနည်းစုရဲ့ဆန္ဒကိုလည်း လေးစားတန်ဖိုးထားရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ထူထောင်ဖို့၊ ဒီမိုကရေစီစနစ်မယိုင်လဲစေဖို့ လိုအပ်ချက်ကတော့ ဒီမိုကရေစီစိတ်မွေးဖို့၊ စည်းကမ်းစနစ်ကျနတဲ့၊ ဥပဒေကိုလေးစားတန်ဖိုးထားလိုက်နာတဲ့ မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရေးပဲဖြစ်ပါတယ်။ ဒါကို ကျွန်တော်တို့တိုင်းရင်းသားပြည်သူလူထုအားလုံးက ဝိုင်းဝန်းဖော်ဆောင်ရမှာဖြစ်ပါတယ်။

အလားတူ တိုင်းရင်းသားပြည်သူအားလုံးလိုလားနေတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ရာမှာလည်း တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ ပြည်ထောင်စုကြီး၏အကျိုးကို ရေရှည်ကြည့်ပြီး မိမိနိုင်ငံနဲ့ကိုက်ညီတဲ့ ဖက်ဒရယ်ပုံစံကိုတည်ဆောက်သွားဖို့လိုပါတယ်။ ကျွန်တော်တို့နိုင်ငံသည် ရှေးဘုရင်များလက်ထက်ကတည်းက ပြည်ထောင်စုစနစ်ပုံစံနဲ့တည်ဆောက်ထားတဲ့ ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ပါတယ်။ ပထမမြန်မာနိုင်ငံတော်လို့ သတ်မှတ်ခဲ့ကြတဲ့ ပုဂံခေတ်ကတည်းက တိုင်းရင်းသားပြည်သူများနဲ့ စုစည်းတည်ထောင်ထားတဲ့ နိုင်ငံဖြစ်ခဲ့ပါတယ်။ မြန်မာနိုင်ငံကို အင်္ဂလိပ်များသိမ်းယူစဉ်က Burma ဆိုတဲ့ ပြည်ထောင်စုနိုင်ငံအဖြစ်နဲ့ သိမ်းယူခဲ့တာဖြစ်ပြီး လွတ်လပ်ရေးပေးချိန်မှာလည်း ပြည်ထောင်စုတစ်ဝန်းလုံးကို တစ်စုတစ်စည်းသောနိုင်ငံအဖြစ် လွတ်လပ်ရေးပေးခဲ့တာပဲဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံများနဲ့ နယ်နိမိတ်စာချုပ်များချုပ်ဆိုရာမှာလည်း လက်ရှိနယ်နိမိတ်အတိုင်း စာချုပ်ချုပ်ဆိုအသိအမှတ်ပြုခဲ့တာ၊ တိုင်းရင်းသားပြည်သူလူထုအားလုံးကလည်း အသိအမှတ်ပြုခဲ့တာတွေဟာ ကျွန်တော်တို့နိုင်ငံသည် သမိုင်းအဆက်ဆက် ပြည်ထောင်စုနိုင်ငံအဖြစ်ရပ်တည်ခဲ့တယ်ဆိုတဲ့ ခိုင်မာတဲ့သမိုင်းပဲဖြစ်ပါတယ်။

ဒီလိုသမိုင်းစဉ်တစ်လျှောက်ရပ်တည်ခဲ့တဲ့ ပြည်ထောင်စုကိုတည်ဆောက်ရာမှာ မှန်ကန်တဲ့၊ နိုင်ငံနဲ့ကိုက်ညီတဲ့ စနစ်ဖြစ်ဖို့လိုပါတယ်။ တိုင်းရင်းသားလူမျိုးစုများ များပြားလှတဲ့ကျွန်တော်တို့နိုင်ငံအနေနဲ့ ဖက်ဒရယ်စနစ်ကို ကျင့်သုံးရာမှာ လူမျိုးကိုအခြေခံတဲ့ ဖက်ဒရယ်စနစ်ထက် နယ်မြေဒေသကို အခြေခံတဲ့ ဖက်ဒရယ်စနစ်ကို အကောင်အထည်ဖော်ဖို့လိုပါတယ်။ ဒါမှသာ ကွန်ဖက်ဒရေးရှင်းဆိုတဲ့ ကွဲပြားခြားနားမှုကို အားပေးတဲ့၊ ပြည်ထောင်စုပြိုကွဲခြင်းကို ဦးတည်သွားစေနိုင်မယ့်ကိစ္စတွေကို ရှောင်ရှားနိုင်မှာလည်းဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)မှာ တိုင်းဒေသကြီး၊ ပြည်နယ်နဲ့ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတို့အတွက် အုပ်ချုပ်ရေးအာဏာများခွဲဝေထားပြီးဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၁) နိုင်ငံတော်အခြေခံမူများ၊ အခန်း(၈) နိုင်ငံသား၊ နိုင်ငံသားများ၏မူလအခွင့်အရေးနှင့်တာဝန်များမှာလည်း တိုင်းရင်းသားပြည်သူတစ်ဦးချင်းစီရဲ့ အခွင့်အရေးများ၊ အာမခံချက်များကို တန်းတူညီမျှပေးထားပြီးဖြစ်ပါတယ်။ နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရနဲ့ ဘာသာရေးအရ သဘောထားကွဲလွဲစရာအကြောင်းမရှိပါဘူး။ ဒါတွေကိုလက်တွေ့ကျင့်သုံးခြင်း၊ လိုအပ်တာတွေကို ဥပဒေနဲ့အညီပြင်ဆင်တိုးချဲ့ခြင်းတို့ဟာ လက်တွေ့ကျတဲ့ ဖက်ဒရယ်စနစ်ကို တည်ဆောက်ခြင်းပဲဖြစ်ပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ဒီမိုကရေစီစနစ်ဆိုရာမှာ အမျိုးမျိုးရှိပါတယ်။ ယနေ့ကျွန်တော်တို့နိုင်ငံကျင့်သုံးနေတာက ပါတီစုံဒီမိုကရေစီဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်မှာ အထွေထွေရွေးကောက်ပွဲဟာ အရေးကြီးပါတယ်။ ပြည်သူတွေအနေနဲ့ ဖြတ်သန်းလာခဲ့တဲ့သမိုင်းကြောင်းအရ အထွေထွေရွေးကောက်ပွဲအတွေ့အကြုံတွေလည်းရှိကြပြီးဖြစ်ပါတယ်။ ဖဆပလခေတ်က ပါလီမန်ဒီမိုကရေစီစနစ်နဲ့ ယနေ့ခေတ် ပါတီစုံဒီမိုကရေစီစနစ်ရဲ့ ပြီးခဲ့တဲ့ရွေးကောက်ပွဲတွေအထိဟာ **"အနိုင်ရသူအကုန်ယူ"** စနစ်ဖြစ်တာကြောင့် နိုင်ငံရေးချိန်ခွင်လျှာညီမျှမှုမရှိခဲ့ဘဲ တိုင်းရင်းသားလူမျိုးစုပါတီများအနေနဲ့ နိုင်ငံရေးမှာ ပါဝင်ခွင့်အခွင့်အရေးနည်းပါးခဲ့တာကို တွေ့ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ တိုင်းရင်းသားလူမျိုးစုကြီး ရှစ်စုရှိပြီး လူမျိုးစု ၁၃၀ ကျော်ရှိပါတယ်။ အဲဒီတော့ တိုင်းရင်းသားပေါင်းစုံနဲ့ဖွဲ့စည်းထားတဲ့ ကျွန်တော်တို့ရဲ့နိုင်ငံတော်ကြီးကို ခိုင်မာတဲ့ပြည်ထောင်စုကြီးအဖြစ် တည်ဆောက်ကြရမှာပဲဖြစ်ပါတယ်။ ဖက်ဒရယ်ဟာ **"ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်း"**လို့လည်း အနက်အဓိပ္ပာယ်ရှိပါတယ်။ မျှဝေခံစားဖို့ဆိုရင်တော့ ရွေးကောက်ပွဲစနစ်မှာ ယခင်ကျင့်သုံးခဲ့တဲ့ အင်အားကြီးပါတီတစ်ခုတည်းက **"အနိုင်ရသူအကုန်ယူ"** ဆိုတဲ့စနစ်အစား တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ်တွေ ကျယ်ကျယ်ပြန့်ပြန့်ပါဝင်ဖို့ **"အချိုးကျကိုယ်စားပြုစနစ်"** PR စနစ်ကို ကျင့်သုံးရမှာဖြစ်ပါတယ်။ ဒါကလည်း ကျွန်တော်တို့နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ ဆန္ဒတစ်ခုတည်းမဟုတ်ပါဘူး။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ အဆိုပြုချက်တွေနဲ့ဖြစ်ပေါ်လာတဲ့ NCA စာချုပ်ထဲက ဘုံသဘောဆန္ဒလည်းဖြစ်ပါတယ်။ NCA စာချုပ်ပါအခန်း(၁) အခြေခံမူများမှာ **"ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုကို နိုင်ငံရေးဆွေးနွေးပွဲရလဒ်များနဲ့အညီ တည်ဆောက်သွားရန်"**၊ **"နိုင်ငံသားအားလုံး တန်းတူရည်တူအခွင့်အရေးများရရှိစေရန်"**ဆိုတဲ့အချက်ပါရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် PR စနစ်ဟာ ကျွန်တော်တို့နိုင်ငံနဲ့ အသင့်လျော်ဆုံးဆိုတာ ပြောကြားလိုပါတယ်။

**တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ခင်ဗျား –**

၂၀၁၁ ခုနှစ် ဒီမိုကရေစီပထမအစိုးရလက်ထက် ဒီမိုကရေစီလမ်းကြောင်းပေါ်မှာ တာထွက်ကောင်းခဲ့ပြီး တိုင်းပြည်လည်းအထိုက်အလျောက်တိုးတက်ခဲ့ပါတယ်။ NCA စာချုပ်ကြီးပေါ်ပေါက်လာခဲ့ပြီး ငြိမ်းချမ်းရေးအတွက်ရလဒ်ကောင်းတွေရရှိချိန်မှာ တိုင်းပြည်သစ္စာဖောက်အချို့နဲ့ ပြည်ပနိုင်ငံအချို့က NCA မှာလက်မှတ်မရေးထိုးဖို့ သွေးထိုးလှုံ့ဆော်ခဲ့ကြပါတယ်။ ဒါပေမဲ့ တည်ငြိမ်အေးချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို အမှန်တကယ်လိုလားတဲ့ အဖွဲ့အစည်း ရှစ်ဖွဲ့ဟာ NCA စာချုပ်ကြီးမှာ အောင်မြင်စွာလက်မှတ်ရေးထိုးနိုင်ခဲ့ပြီး နောက်ထပ် နှစ်ဖွဲ့ဟာလည်း ထပ်မံလက်မှတ်ရေးထိုးနိုင်ခဲ့လို့ လက်ရှိအချိန်ထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့ရှိပြီဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးရခြင်းမရှိသေးတဲ့ ကျန်တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကိုလည်း NCA လက်မှတ်ရေးထိုးပြီး ငြိမ်းချမ်းရေးတည်ဆောက်ကြဖို့ဖိတ်ခေါ်ပါတယ်။ NCA စာချုပ်ကြီးပေါ်ပေါက်လာပြီး တစ်ပြိုင်နက် တပ်မတော်အနေနဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ကို ထုတ်ပြန်ခဲ့ပါတယ်။ တပ်မတော်ကထုတ်ပြန်တဲ့ ငြိမ်းချမ်းရေးမူဝါဒ(၆)ရပ်ဟာ NCA စာချုပ်ရဲ့ အနှစ်သာရအတိုင်းဖြစ်သလို ခေတ်အဆက်ဆက် ငြိမ်းချမ်းရေးကြိုးပမ်းမှုသမိုင်းတွေကရရှိလာတဲ့ **"အသိတရား"**ဖြစ်ပြီး လက်ရှိငြိမ်းချမ်းရေးတည်ဆောက်မှု ခိုင်မြဲစေဖို့အတွက် လုပ်ဆောင်ရမည့် **"အရိုတရား"**လည်းဖြစ်ပါတယ်။ တပ်မတော်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့မှ စတင်ပြီး ယခုနှစ် ဒီဇင်ဘာလ ၃၁ ရက်နေ့ထိ တစ်ဖက်သတ်အပစ်အခတ်ရပ်စဲပေးခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့လည်း နိုင်ငံတော်ကိုစတင်တာဝန်ယူတဲ့အချိန်မှစပြီး ရှေ့လုပ်ငန်းစဉ်နဲ့ဦးတည်ချက်များကို အဆင့်ဆင့်ချမှတ်ခဲ့ရာ လက်ရှိမှာလည်း ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည်ချက်(၉)ရပ်ချမှတ်ထားပါတယ်။ ရှေ့လုပ်ငန်းစဉ်(၅)ရပ်မှာ **"NCA ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်"** ဆိုတဲ့အချက်ပါရှိသလို ဦးတည်ချက်(၉)ရပ်မှာလည်း **"တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး"**ဆိုတဲ့အချက်ကို ထည့်သွင်းဆောင်ရွက်နေတာတွေ့နိုင်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းစဉ်များကို စာမျက်နှာ ၂၃ သို့

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် ကရင်တိုင်းရင်းသားခေါင်းဆောင် စောမူတူးစေးဖိုး ပြောကြားသည့်ဂုဏ်ပြုစကား

**၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ ရက် နေပြည်တော်**

ချစ်ကြည်လေးစားရပါသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပွဲ ရှစ်နှစ်မြောက် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ သက်ဆိုင်ရာတာဝန်ရှိလူကြီးမင်းများ၊ နိုင်ငံရေးပါတီများမှ ခေါင်းဆောင်များ၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှခေါင်းဆောင်များနဲ့ သံတမန်များတို့ကို မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။



ဒီလိုဂုဏ်ရောင်ထွန်းပြောင်တဲ့ သမိုင်းဝင်နေ့မှာ အခမ်းအနားသို့ တက်ရောက်လာတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရဲ့ ကိုယ်စား ကျွန်တော့်ကို မိန့်ခွန်းပြောကြားခွင့်ပြုတဲ့အတွက် များစွာဂုဏ်ယူ ဝမ်းမြောက်ကျေးဇူးဥပကာရတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးကတည်းက နှစ်ရှည်လများဖြစ်ပွားခဲ့တဲ့ လက်နက်ကိုင်ပဋိပက္ခကို အဆုံးသတ်နိုင်ဖို့၊ နိုင်ငံတော်အစိုးရရဲ့ ကိုယ်စားလှယ်များနဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များတို့ဟာ ဒီတစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ကိုရရှိဖို့ နှစ်နှစ်နီးပါး အချိန်ယူ ဆွေးနွေးခဲ့ကြရပါတယ်၊

နှစ်ဖက်ညှိနှိုင်းဆွေးနွေးဖက်တွေအကြား ရဲရင့်တက်ကြွတဲ့ အားမာန်တွေနဲ့ တွေ့ဆုံဆွေးနွေးခြင်းအားဖြင့် အဖြေရှာလိုတဲ့ အာသီသကိုအခြေခံ ကြလို့ ဒီတစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ကို ရရှိခဲ့တာဖြစ်ပြီး သမိုင်းစာမျက်နှာသစ်တစ်ခု ပေါ်ပေါက်စေ ခဲ့ပါတယ်။

ဒါတွေဟာ အလျှော့အတင်းပြုလိုတဲ့ စိတ်ဓာတ်၊ အခက်ခဲတွေကို အတူတကွပူပေါင်းဖြေရှင်းလိုတဲ့ဆန္ဒ၊ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေး နည်းနဲ့ဖြေရှင်းလိုတဲ့သန္နိဋ္ဌာန်၊ ဆွေးနွေးဖက် တစ်ဖက်စီမှာပါဝင်ခဲ့ကြ တဲ့ ကိုယ်စားလှယ်တွေအကြား ထိန်းသိမ်းထားနိုင်တဲ့ ညီညွတ်မှုနဲ့ ယုံကြည်မှုတွေကြောင့်ဖြစ်ပါတယ်။ လက်ရှိကာလမှာလည်း ဒီလိုစိတ်ဓာတ် ဆန္ဒနဲ့ ထပ်မံပြီးကြိုးပမ်းအားထုတ်ကြဖို့ တိုက်တွန်းလိုပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်းဟာ သာမန်အပစ်ရပ်စာချုပ်တစ်ရပ်ကို လက်မှတ် ရေးထိုးတာမဟုတ်ဘဲ ဒီမိုကရေစီနဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ ထူထောင်ရေး လျှောက်လှမ်းရမယ့်ခရီးရှည်ကြီးရဲ့ ပထမဦးဆုံးသော အရေးကြီးတဲ့ခြေလှမ်းဖြစ်ပြီး စိန်ခေါ်မှုများစွာကလည်း စောင့်ကြိုနေ ခဲ့တယ်ဆိုတာကို အားလုံးရင်ဆိုင်ကြုံတွေ့ခဲ့ကြပြီးဖြစ်ပါတယ်။

ဒါကြောင့် ပြီးခဲ့တဲ့ကာလမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ကို ဆက်လက်အကောင်အထည်ဖော်ခဲ့ရာမှာ အောင်မြင်သင့်သလောက် အောင်မြင်မှုမရရှိခဲ့သလို နိုင်ငံရေးအကျပ် အတည်းကြောင့် NCA အကောင်အထည်ဖော်မှုမှာလည်း ရပ်နားသွား ခဲ့ရတယ်။ ကျွန်တော်တို့အားလုံးဟာ မိမိတို့အသီးသီးရဲ့ ဆန္ဒသဘော ထားတွေကိုသာ ရှေ့တန်းမတင်ဘဲ အပြန်အလှန်လေးစားတန်ဖိုးထားမှုနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ကာ ညှိနှိုင်းအဖြေရှာကြဖို့ ကိုလည်း သက်ဆိုင်သူအားလုံးကို တောင်းဆိုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ မိမိတို့နိုင်ငံဟာ လူမျိုးပေါင်းစုံနေထိုင်တဲ့ တိုင်းပြည်ဖြစ်သည့်အလျောက် လူမျိုးချင်းမတူသော်လည်း ငြိမ်းချမ်းစွာ အတူတကွနေထိုင်နိုင်ရေးအတွက် ရှေးရှုရန်လိုနေပါတယ်။ မိမိတို့ရဲ့ သက်တမ်းတစ်လျှောက်မှာ ခါးသီးစွာတွေ့ကြုံခံစားလာခဲ့ကြရတဲ့ လက်နက်ကိုင်ပဋိပက္ခကို အမြန်ဆုံးချုပ်ငြိမ်းစေပြီး အနာဂတ် မျိုးဆက်သစ် ပြည်သူပြည်သား လူငယ်လူရွယ်များအတွက် "ငြိမ်းချမ်းရေး" ဆိုတဲ့ အမွေအနှစ်ကို ချန်ရစ်ထားနိုင်ဖို့၊ တရားမျှတမှုနဲ့ ဂုဏ်သိက္ခာရှိမှု တို့အပေါ်အခြေခံတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှု၊ ပွင့်လင်းမြင်သာမှုရှိမယ့် ငြိမ်းချမ်းရေးကို ဖော်ဆောင်သွားကြဖို့နဲ့ ညှိနှိုင်းဆွေးနွေးပွဲတွေကနေ လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားကာ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး မဆုတ်မနစ်ကြိုးပမ်းကြပါစို့လို့ ဒီကနေ့အခမ်းအနားကို ဂုဏ်ပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

---

**စာမျက်နှာ ၂၂ မှအဆက်**

ထိရောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့အတွက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့မှာ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီနဲ့ ညှိနှိုင်းရေးကော်မတီဆိုပြီး ကော်မတီ သုံးရပ်ဖွဲ့စည်းခဲ့ပါတယ်။

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ကော်မတီအဆင့်ဆင့်တို့ဟာ ၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ ငြိမ်းချမ်း ရေးအတွက် တွေ့ဆုံဆွေးနွေးရန်၊ ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံမှုရှိ၊ မရှိ၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်ပြည်ထောင်စုစနစ်အပေါ် လက်ခံမှုရှိ၊မရှိ အပေါ်မူတည်ပြီး မည်သည့်ကန့်သတ်ချက်မှမပါသော တွေ့ဆုံဆွေးနွေးပွဲ ကိုဖိတ်ခေါ်ခဲ့ပါတယ်။ NCA လက်မှတ်ရေးထိုးထားတဲ့ EAO အဖွဲ့ ခုနစ်ဖွဲ့၊ NCA လက်မှတ်ရေးထိုးထားခြင်းမရှိသေးတဲ့ EAO အဖွဲ့ သုံးဖွဲ့တို့မှ ကိုယ်စားလှယ်များနဲ့တွေ့ဆုံပြီး ငြိမ်းချမ်းရေးဆွေးနွေးခြင်း၊ ငြိမ်းချမ်းရေး ဖော်ဆောင်ခြင်းနဲ့အတူ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေ ကို ဆောင်ရွက်လျက်ရှိပါတယ်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း များတည်ရှိရာ ဒေသအတွင်းရှိပြည်သူများအတွက် ပညာရေး၊ ကျန်းမာရေး၊ လမ်း၊တံတားတည်ဆောက်ရေးနဲ့ အခြေခံအဆောက်အအုံများဖွံ့ဖြိုး တိုးတက်ရေး၊ လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရေးဆိုင်ရာ ကိစ္စများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များနဲ့ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိ ပါတယ်။

၂၀၂၂ ခုနှစ် ဧပြီလ ၂၂ ရက်နေ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ အစည်းများနဲ့ ပြည်သူများကို ငြိမ်းချမ်းရေးနဲ့ပတ်သက်လို့ **"၂၀၂၂ ခုနှစ် သည် ငြိမ်းချမ်းရေးနှစ်"** ဖြစ်ကြောင်း ကျွန်တော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေကို ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးဖို့ဖိတ်ခေါ်ခဲ့ရာမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ၁၀ ဖွဲ့နဲ့ ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခဲ့ပါတယ်။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ၁၀ ဖွဲ့နဲ့ ၂၀၂၂ ခုနှစ် မေလမှ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလအတွင်း သုံးကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။ တွေ့ဆုံဆွေးနွေးရာမှ ဘုံသဘောတူညီချက်အဖြစ်-

(၁) ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ခိုင်မာစေရေးအတွက် ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၂) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ လိုလားချက်ပန်းတိုင်ဖြစ် သည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်တို့ကိုအခြေခံသော ပြည်ထောင်စုတည်ဆောက်ရေး။

(၃) ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) တရားဥပဒေစိုးမိုးရေး၊ ဒေသတည်ငြိမ်ရေးနှင့် ပါတီစုံဒီမို ကရေစီရွေးကောက်ပွဲများ လွတ်လပ်၍ တရားမျှတစွာကျင်းပနိုင် နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး။

ဆိုတဲ့ ဘုံသဘောတူညီချက်(၄)ချက်ရရှိခဲ့ကြပါတယ်။

ဒါ့အပြင် တွေ့ဆုံဆွေးနွေးရေးယန္တရားဖြစ်တဲ့ အမျိုးသားစည်းလုံး ညီညွတ်ရေးနဲ့ ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအနေနဲ့ လည်း သက်ဆိုင်ရာဆွေးနွေးဖက်အဖွဲ့အစည်းများနဲ့ အလွတ်သဘော တွေ့ဆုံမှုများ၊ Video Conferencing ဖြင့် ဆွေးနွေးမှုများနဲ့ တရားဝင် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့ပါတယ်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ NCA လက်မှတ်ရေးထိုးပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနဲ့ ၇၃ ကြိမ်၊ လက်မှတ် ရေးထိုးထားခြင်းမပြုသေးတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ နဲ့ ၂၅ ကြိမ်၊ နိုင်ငံရေးပါတီများနဲ့ ၁၆ ကြိမ်၊ ငြိမ်းချမ်းရေးအကျိုးဆောင် အဖွဲ့များနဲ့ ခုနစ်ကြိမ်၊ စုစုပေါင်းတွေ့ဆုံဆွေးနွေးမှု ၁၂၁ ကြိမ်တွေ့ဆုံ ဆွေးနွေးနိုင်ခဲ့ပါတယ်။

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား –**

ကျွန်တော်တို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရအနေနဲ့ နိုင်ငံတော်နဲ့ တိုင်းရင်းသားပြည်သူတွေအားလုံးရဲ့ ငြိမ်းချမ်းသာယာဝပြော တဲ့ အနာဂတ်၊ ကောင်းမွန်တဲ့ပစ္စုပ္ပန်ကို တည်ဆောက်လျက်ရှိပါတယ်။ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူပြည်သားအားလုံးအတွက် အမျိုးသားရေး ရည်မှန်းချက်အဖြစ် တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေး ကို ဆောင်ရွက်နေပါတယ်။ နိုင်ငံရေးရည်မှန်းချက်အနေနဲ့ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆောင်ရွက် ပါမယ်။ ဒီနှစ်ချက်ဟာ ကျွန်တော်တို့အတွက် အဂ္ဂမဟာဗျူဟာ(Grand Strategy)ပါပဲ။ လက်ရှိအချိန်မှာတော့ နောင်အနာဂတ်မှာပါ ရေရှည် ရည်မှန်းချက်အဖြစ် စဉ်ဆက်မပြတ်တိုးတက်ခိုင်မာအောင်ဆောင်ရွက် သွားကြရမှာဖြစ်ပါတယ်။ ဒီအချက်တွေဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော် တို့အစိုးရအနေနဲ့ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိ ပါတယ်။ ဒါဟာကျွန်တော်တို့ရဲ့ မဟာဗျူဟာ(Strategy)ပါပဲ။ ဒီအဂ္ဂမဟာ ဗျူဟာနဲ့ မဟာဗျူဟာတွေအောင်မြင်စေဖို့၊ ခိုင်မာစေဖို့ လက်ရှိကျွန်တော် တို့လုပ်ဆောင်နေတာက ဦးတည်ချက်(၉)ချက်ပါပဲ။ ဒါဟာကျွန်တော်တို့ ရဲ့ နည်းဗျူဟာ(Tactic)ပဲဖြစ်ပါတယ်။

ဒီလိုနိုင်ငံတော်အတွက် ရည်ရွယ်ချက်၊ ရည်မှန်းချက်များကို ပြည့်ဆည်း ဆောင်ရွက်ရာမှာ အစိုးရတစ်ရပ်က ဦးဆောင်မှုပြုရမှာဖြစ်သလို ပြည်သူ လူထုအားလုံးကလည်း လိုက်ပါဆောင်ရွက်နိုင်မှ အောင်မြင်မှာဖြစ်ပါ တယ်။ ကျွန်တော်တို့နိုင်ငံဟာ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနောက်ကျလို့ ပညာ ခေတ်မှာ အခြေခံပညာအထက်တန်းနဲ့ အဆင့်မြင့်ပညာတတ်မြောက်မှု နည်းပါးခဲ့ပါတယ်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတည်ဆောက်ရေး မှာ အခက်အခဲများစွာကြုံတွေ့ခဲ့ရပါတယ်။ ဒီမိုကရေစီစနစ်မှာ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပညာနဲ့တွေးခေါ်မြော်မြင်နိုင်စွမ်းဟာ အထူးအရေးကြီး လှပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ လူဦးရေအများစုနေထိုင်တဲ့ ကျေးလက် ဒေသတွေဟာ ပညာရေးအားနည်းခဲ့ပါတယ်။ ပညာရေးအားနည်းချက် နဲ့အတူ တွေးခေါ်မြော်မြင်မှုမှာ လိုအပ်ချက်တွေရှိခဲ့ပါတယ်။ တွေ့ခဲ့၊ ကြုံခဲ့သမျှ၊ သိသမျှ၊ တတ်သမျှအပေါ်မှာပဲအခြေခံပြီး ပြောဆိုနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း ပြည်ပကမြှောက်ထိုးပင့်ကော်လုပ်နေမှုတွေ၊ မဟုတ်မမှန် သတင်းတွေအပေါ်မှာ နားယောင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိအောင် လုပ်ဆောင်နေကြတာဖြစ်ပါတယ်။ ဒါတွေကို ပြုပြင်ဖို့၊ ခေတ်စနစ်နဲ့အညီအတွေးအခေါ်၊ အမြော်အမြင်များ တိုးတက်အောင် လုပ်ဖို့လည်းလိုအပ်ပါတယ်။ ဒါဟာနိုင်ငံတော်ရဲ့ အနာဂတ်ပါပဲ။ ဒါ့ကြောင့် မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူလူထုရဲ့ ကောင်းကျိုးကိုလိုလားကြတဲ့ ပြည်တွင်းပြည်ပအဖွဲ့အစည်းအားလုံး၊ နိုင်ငံအားလုံး၊ တိုင်းရင်းသားပြည်သူ လူထုအားလုံး အထူးသဖြင့်တိုင်းရင်းသားဒေသတွေမှာရှိနေတဲ့ NCA လက်မှတ်ရေးထိုးထားတဲ့ EAO များအနေနဲ့ ပြည်သူလူထုရဲ့ ကျန်းမာရေး၊ ပညာရေး၊ အတွေးအခေါ်နဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတို့မှာ ပူးပေါင်း အားပေးကူညီကြဖို့ ပြောကြားလိုပါတယ်။

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား –**

နိုင်ငံသူ၊နိုင်ငံသားများ လိုလားတောင့်တနေတဲ့ နိုင်ငံတော်အေးချမ်း သာယာရေး၊ စားရေရိက္ခာပေါများရေး၊ သာယာဝပြောရေး၊ ကိုယ်စိတ် နှလုံးချမ်းမြေ့စွာဖြင့် လုပ်ကိုင်စားသောက်နိုင်ရေး၊ ပညာသင်ကြားနိုင်ရေး၊ ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းနိုင်ရေးများရရှိခံစားနိုင်အောင် သက်ဆိုင် သူအားလုံးက နိုင်ငံ့မျက်နှာကြည့်ပြီး ဝိုင်းဝန်းလုပ်ဆောင်ပေးကြဖို့လည်း တိုက်တွန်းလိုပါတယ်။ ကျွန်တော်တို့ဖြတ်သန်းလာခဲ့တဲ့ NCA သမိုင်း ကြောင်းဟာ ဒီနေ့မှာဆိုရင် ရှစ်နှစ်တာကာလဖြတ်သန်းခဲ့ပြီဖြစ်ပါတယ်။ မြန်မာနိုင်ငံအတွက် **"လွတ်လပ်ရေး"** ဆိုတဲ့ ရှေးဘိုးဘွားများရဲ့ အမွေ တစ်ခုကို ကျွန်တော်တို့အားလုံး ဆက်ခံရယူပြီးဖြစ်သလို မိမိတို့လက်ထက်၊ မိမိတို့ကာလမှာလည်း နောင်မျိုးဆက်သစ်လူငယ်များအတွက် တန်ဖိုး မဖြတ်နိုင်တဲ့ အမွေအနှစ်တစ်ခုကိုပေးအပ်ဖို့ တာဝန်ရှိပါတယ်။ အဲဒါ ကတော့ **"စစ်မှန်တည်တံ့ခိုင်မြဲတဲ့ ထာဝရငြိမ်းချမ်းရေး"** ဆိုတဲ့ အမွေအနှစ် ကောင်းတစ်ခုပဲဖြစ်ပါတယ်။ ဒီငြိမ်းချမ်းရေးအမွေအနှစ်ကောင်းကို ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်တွေထံ လက်ဆင့်ကမ်းခဲ့ကြပါစို့လို့ လေးနက် စွာထပ်မံတိုက်တွန်းလိုပါတယ်။

**တိုင်းရင်းသား ညီအစ်ကိုမောင်နှမများ ခင်ဗျား –**

- ကျွန်တော်တို့အစိုးရအနေနဲ့ ချမှတ်ထားတဲ့ **"ရှေ့သို့ချီမည် ပန်းတိုင်ဆီ"** စိတ်ဓာတ်နဲ့အညီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နဲ့ ဦးတည် ချက်(၉)ရပ်ပါအတိုင်း မဆုတ်မနစ်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်သလို နိုင်ငံတော်ကြီးတည်ငြိမ်အေးချမ်းရေးအတွက် NCA ကိုအလေးထားဆောင်ရွက်သွားမှာဖြစ်လို့ ပြည်သူလူထုတစ်ရပ်လုံး ကလည်း ပူးပေါင်းဆောင်ရွက်သွားကြပါ။
- ထာဝရငြိမ်းချမ်းရေးတည်ဆောက်နိုင်ဖို့အတွက် NCA လက်မှတ် ရေးထိုးပြီးတဲ့ အဖွဲ့အစည်းများကလည်း NCA ပါကတိကဝတ် ကိုစောင့်ထိန်းကြဖို့နဲ့ ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှု တို့ဖြင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြပါ။
- NCA မှာလက်မှတ်မရေးထိုးရသေးတဲ့ တိုင်းရင်းသားလက်နက် ကိုင်အဖွဲ့အစည်းများအနေနဲ့လည်း နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူတို့ရဲ့ လူမှုစီးပွားဘဝတိုးတက်မြင့်မားရေးအတွက် ဒီမို ကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကြီး တည်ဆောက်ရာမှာ ထဲထဲဝင်ဝင်ပါဝင်နိုင်ဖို့အတွက်တွေ့ဆုံညှိနှိုင်း ရေး ဆွေးနွေးပွဲများဆီသို့ အရောက်လှမ်းခဲ့ကြပါလို့ ဖိတ်ခေါ် ပြောကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။
- အားလုံးကိုကျေးဇူးတင်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် NCAစာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့၏ကိုယ်စား ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်ပြောကြားသည့်ဂုဏ်ပြုစကား



၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ရက် နေပြည်တော်

လေးစားအပ်ပါသော တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်လက်မှတ်ရေးထိုးပွဲ ရှစ်နှစ်မြောက်အခမ်းအနားသို့ တက်ရောက်လာကြသော ဂုဏ်သရေရှိလူကြီးမင်းများအားလုံးကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းနိုင်ကြပါစေ၊မင်္ဂလာအပေါင်းနဲ့ပြည့်စုံကြပါစေလို့ ဦးစွာဆုမွန်ကောင်းတောင်းအပ်ပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်- NCA ကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့ကြတာ ယနေ့ဆိုလျှင် ရှစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါတယ်။ မိမိအနေနဲ့ NCA စာချုပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ခုနစ်ဖွဲ့ရဲ့ကိုယ်စား မိန့်ခွန်းပြောကြားခွင့်ရတဲ့အတွက် များစွာဝမ်းမြောက်ဂုဏ်ယူမိရပါကြောင်း ပြောကြားလိုပါတယ်။ ရှစ်နှစ်မြောက် အခမ်းအနားကို ပူးတွဲပြီး အခုလိုစုံစုံညီညီပြန်လည်ကျင်းပပေးတဲ့အတွက်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အထူးကျေးဇူးတင်ရှိပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်-NCA နှစ်ပတ်လည်အခါသမယတွင်အခမ်းအနားကျင်းပကြခြင်းမှာ ဂုဏ်ပြုထိုက်သူများကိုဂုဏ်ပြုဖို့နဲ့ တွေ့ကြုံ ခဲ့ရတဲ့အခက်အခဲများ၊ စိန်ခေါ်မှုများကို ပြန်လည်အမှတ်ရစေကာ သင်ခန်းစာယူနိုင်ကြဖို့ဖြစ်ပါတယ်။ NCA သဘောတူညီရရှိအောင် ကြိုးပမ်းခဲ့ကြသော ဦးသိန်းစိန် ဦးဆောင်သော အစိုးရဘက်မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများဘက်မှ NCCT, SD နဲ့ တာဝန်ရှိသူများအားလုံးကို ဒီနေရာကနေ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများကိုယ်စား ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူ စာချုပ်-NCAဟာ အစိုးရ၊လွှတ်တော်၊တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်သာမက ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဂျပန်နိုင်ငံတို့က အသိသက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သည့်သဘောတူစာချုပ်ဖြစ်သလို တွေ့ဆုံဆွေးနွေးခြင်းလမ်းကြောင်းမှတစ်ဆင့် တိုင်းပြည်ရဲ့အုပ်ချုပ်ရေးစနစ်ပြုပြင်ပြောင်းလဲရန် ကြိုးပမ်းခဲ့သော်လည်း အလျှော့အတင်းမလုပ်နိုင်ခဲ့သဖြင့် NCA အကောင်အထည်ဖော်ဆောင်ခြင်းလုပ်ငန်းများရှေ့မတိုးနိုင်ဖြစ်ခဲ့ရပါတယ်။ရှစ်နှစ်တာကာလကြာမြင့်သည့်တိုင် NCA ကို အကောင်အထည်မဖော်နိုင်ခဲ့လို့ ပြည်ထောင်စုကြီးအတွက် များစွာနှမြောမိပါတယ်။

အထူးသဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲဆိုင်ရာ နိုင်ငံရေးအကျပ်အတည်းများဖြစ်ပေါ်လာခဲ့ရာ နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် မဖြေရှင်းနိုင်ခဲ့ကြတဲ့အတွက် NCA အကောင်အထည်ဖော်မှုသည်လည်း ရပ်တန့်သွားခဲ့ရပါတယ်။ နိုင်ငံ့အရေး၊ ငြိမ်းချမ်းရေးအတွက် အချိန်တွေအလဟဿဖြစ်ခဲ့ရပါတယ်။

သို့သော်လည်း NCAလက်မှတ်ရေးထိုးထားခဲ့ကြသော မိမိတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေဖြင့် NCA၏ အနှစ်သာရများဖြစ်တဲ့ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရေး၊ သက်ဆိုင်သူအားလုံးပါဝင်သောအဓိပ္ပာယ်ပြည့်ဝသည့် နိုင်ငံရေးဆွေးနွေးပွဲများဖြစ်မြောက်ရေးနဲ့ အရပ်သားများကို အကာအကွယ်ပေးရေး စတဲ့မူများကိုကိုင်စွဲကာ လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရေးအတွက် တစိုက်မတ်မတ် အားထုတ်ကြိုးပမ်းခဲ့တယ်။ ကြိုးပမ်းနေဆဲလည်း ဖြစ်တယ်ဆိုတာကို သက်ဆိုင်သူအားလုံးကို အသိပေးတင်ပြလိုပါတယ်။

မိမိတို့ပြည်ထောင်စုကြီးဟာ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းစစ်ဖြစ်ပွားကာ တိုင်းပြည်မငြိမ်းမချမ်းဖြစ်ခဲ့ရပါတယ်။လက်ရှိကာလမှာလည်း နိုင်ငံရေးအကျပ်အတည်းနဲ့ ရင်ဆိုင်နေရသည့်အပြင် စီးပွားရေးနှင့် လူမှုရေးကဏ္ဍများမှာလည်း ဘက်ပေါင်းစုံအခက်အခဲများကို ပြည်သူလူထုတစ်ရပ်လုံး ဒုက္ခများစွာရင်ဆိုင်နေရပါတယ်။ နိုင်ငံရေးအကျပ်အတည်းကို ငြိမ်းချမ်းစွာမဖြေရှင်းနိုင်ခဲ့လို့ ယနေ့တိုင်းပြည်ဟာ စစ်ရေးပဋိပက္ခနဲ့ နောက်ဆက်တွဲအကျိုးဆက်များကို ရင်ဆိုင်ကြုံတွေ့နေရပြီး တိုင်းပြည်ရဲ့ ဘက်ပေါင်းစုံအကျပ်အတည်းကို ပိုမိုပြီးဆိုးရွားသထက် မဆိုးရွားလာစေရန် ဝိုင်းဝန်းပြီး အဖြေရှာရမည့်အချိန်ရောက်ပြီလို့ တိုက်တွန်းနှိုးဆော်လိုပါတယ်။

ဒီနေ့ကာလဟာ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်ကို မဖြစ်မနေအကောင်အထည်ဖော်ရမယ့် အချိန်ကျရောက်နေပါပြီ။ ဒီအတွက်သက်ဆိုင်သူများအကြား ယုံကြည်မှုတည်ဆောက်နိုင်ရေးကလည်း လိုအပ်နေပါတယ်။သူ့မူကိုယ့်မူအသေစွဲကိုင်နေကြမယ်ဆိုရင် လက်ရှိနိုင်ငံရေးအကျပ်အတည်းကို ကျော်လွှားနိုင်မှာမဟုတ်ပါဘူး။ ကြိုတင်စည်းကမ်းသတ်မှတ်ချက်များမပါရှိတဲ့ ဆွေးနွေးညှိနှိုင်းခြင်းကသာပြည်ထောင်စုကြီးရဲ့ ထွက်ရပ်လမ်းဖြစ်ပါတယ်။ နိုင်ငံတကာမိသားစုကြီးကိုလည်း မိမိတို့တိုင်းပြည်ရဲ့ အကျပ်အတည်းကို အားလုံးပါဝင်ပြီး အဓိပ္ပာယ်ပြည့်ဝတဲ့နိုင်ငံရေးဆွေးနွေးပွဲများဖြင့် ဆွေးနွေးအဖြေရှာသွားနိုင်ရေး ပံ့ပိုးကူညီကြဖို့ အဆိုပြုတိုက်တွန်းလိုက်ပါတယ်။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိရေး၊ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စု တည်ဆောက်ရေးကို ဦးတည်ပြီး တိုင်းပြည်ပြုပြင်ပြောင်းလဲရေးလုပ်ဖို့ အချိန်တန်ပါပြီ နိုင်ငံရေးပြဿနာရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ရပ်ဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုလည်းပြင်ဖို့လိုသလို ဥပဒေကလည်းအားလုံးလက်ခံနိုင်တဲ့ဥပဒေဖြစ်ဖို့လိုအပ်ပါကြောင်း တင်ပြလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံအတူယှဉ်တွဲနေထိုင်ကြတဲ့ ပြည်ထောင်စုကြီးအတွင်းမှာ မတူကွဲပြားမှုများကို အပြန်အလှန်အသိအမှတ်ပြုပြီးပေါင်းစည်းအင်အားအဖြစ် စုစည်းနိုင်ရန်မှာစစ်မှန်တဲ့ ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုတည်ဆောက်ရေးပဲဖြစ်ကြောင်းတင်ပြလိုပါတယ်။နှစ်ပေါင်း ၇၀ ကျော်ကြာမြင့်လာခဲ့ပြီဖြစ်တဲ့ ပြည်တွင်းစစ်ဖြစ်ပွားနေသောနိုင်ငံတစ်နိုင်ငံအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ ငြိမ်းချမ်းရေးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာမှာ အခက်အခဲနဲ့စိန်ခေါ်မှုများကြီးမားနေမှာဖြစ်သလို ဒီအတွက် နိုင်ငံရေးဆန္ဒရှိမှုဟာလည်း အရေးကြီးဆုံးအချက်ဖြစ်တယ်ဆိုတာကို မီးမောင်းထိုးပြလိုပါတယ်။ မိမိတို့တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအနေနဲ့ တွေ့ဆုံညှိနှိုင်းပွဲကနေ လက်ရှိနိုင်ငံရေးအကျပ်အတည်းကိုကျော်လွှားကာ ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စုကြီးကို တည်ဆောက်နိုင်တဲ့ထိ အားလုံးနဲ့အတူ မဆုတ်မနစ်ကြိုးပမ်းသွားပါမယ်လို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် NCAလက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာအသိသက်သေများ၏ကိုယ်စားလှယ် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် H.E.Mr. Deng Xijun ပြောကြားသည့် ဂုဏ်ပြုစကား



၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ရက် နေပြည်တော်

မြန်မာနိုင်ငံက တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနား အောင်မြင်စွာကျင်းပခြင်းအတွက် လှိုက်လှဲစွာဂုဏ်ပြုအပ်ပါသည်။

တရုတ်နိုင်ငံမှာ "ငြိမ်းချမ်းသင့်မြတ်မှုသည်အဖိုးတန်သည်"ဟူသော ရှေးဟောင်းဆိုရိုးစကားတစ်ခွန်းရှိပါတယ်။ မြန်မာနိုင်ငံအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူများ သာယာချမ်းမြေ့ရေးအတွက် ငြိမ်းချမ်းရေးလိုအပ်ပါတယ်။ ငြိမ်းချမ်းရေးဟာ မြန်မာပြည်သူများ မျှော်လင့်တောင့်တရာဖြစ်ပြီး မြန်မာနိုင်ငံနဲ့ မြန်မာနိုင်ငံပြည်သူများ၏ အရင်းခံအကျိုးစီးပွားနဲ့ကိုက်ညီပါတယ်။

တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကိုခိုင်မာစွာထောက်ခံအားပေးပါတယ်။ မြန်မာနိုင်ငံဘက်အသီးသီးရဲ့ လိုအပ်ချက်အရ မြန်မာနိုင်ငံတော်အချုပ်အခြာအာဏာကို အပြည့်အဝလေးစားတဲ့အခြေအနေမှာ တရုတ်နိုင်ငံက ငြိမ်းချမ်းစွာဆွေးနွေးရန်တိုက်တွန်းတဲ့အပြုသဘောဆောင်သော အခန်းကဏ္ဍကနေပါဝင်ပြီး မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဖော်ဆောင်ဖို့ တက်တက်ကြွကြွကူညီတွန်းအားပေးသွားလိုပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ဟာ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်ထဲမှာ အရေးပါတဲ့မှတ်တိုင်တစ်ခုဖြစ်ပါတယ်။ မြန်မာနိုင်ငံငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့သက်ဆိုင်ရာဘက်သီးသီးက တံခါးဖွင့်ခြင်း၊ အားလုံးပါဝင်ခြင်း၊ ပြောင်းလွယ်ပြင်လွယ်ခြင်း၊ လက်တွေ့ကျခြင်းဟူသော သဘောထားကိုအရင်းခံ၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲကာ ငြိမ်းချမ်းရေးဆွေးနွေးခြင်းဆိုတဲ့လားရာကြီးကို ဆက်လက်ကိုင်စွဲထားပြီး ငြိမ်းချမ်းရေးဆွေးနွေးခြင်းမှတစ်ဆင့် အပြန်အလှန်ယုံကြည်မှုများ အဆက်မပြတ်တိုးများလာစေခြင်းဖြင့် နောက်ဆုံးထာဝရငြိမ်းချမ်းရေးဖော်ဆောင်နိုင်ဖို့ မျှော်လင့်ပါတယ်။

တရုတ်-မြန်မာနှစ်နိုင်ငံဟာ တောင်တောင်ရေမြေခြင်းဆက်စပ်ပြီး ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးသံယောဇဉ်နက်ရှိုင်းလှပါတယ်။ တရုတ်နိုင်ငံက နှစ်နိုင်ငံအစဉ်အလာချစ်ကြည်ရေးကို အလွန်အလေးထားပြီး မြန်မာပြည်သူတစ်ရပ်လုံးအပေါ် ချစ်ကြည်ရင်းနှီးတဲ့ မူဝါဒကိုကိုင်စွဲထားပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ယုံကြည်ရသော ပူးပေါင်းဆောင်ရွက်မှုမိတ်ဖက်အဖြစ် ဆက်လက်ဆောင်ရွက်ပြီး နှစ်ဦးနှစ်ဖက်ချစ်ကြည်ရင်းနှီးစွာဆက်ဆံရေးကိုတိုးမြှင့်သွားလိုပါတယ်။ဒါ့ပြင် "Belt and Road" အတူတကွတည်ဆောက်ရေးကိုလည်း အရှိန်မြှင့်တင်ပြီး တရုတ်-မြန်မာ ဒေးအတူပူးအမျှအသိုက်အဝန်းအနှစ်သာရကိုလည်း အဆက်မပြတ်ပြည့်ဝလာစေရန် ဆောင်ရွက်သွားလိုပါတယ်။ မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနဲ့ ကိုက်ညီတဲ့ မြန်မာနိုင်ငံထူးခြားချက်ရှိတဲ့ ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်းစူးစမ်းရှာဖွေခြင်း၊ မြန်မာနိုင်ငံက နိုင်ငံတကာစာမျက်နှာတွင် တရားဝင်အခွင့်အရေးအကျိုးစီးပွားနှင့် အမျိုးသားဂုဏ်သိက္ခာအား ကာကွယ်စောင့်ရှောက်ခြင်းကို တရုတ်နိုင်ငံက ထောက်ခံအားပေးပါတယ်။ နိုင်ငံတကာအသိုင်းအဝိုင်းကလည်း မြန်မာနိုင်ငံအချုပ်အခြာအာဏာကိုအပြည့်အဝလေးစားပြီး မြန်မာနိုင်ငံက နိုင်ငံရေးအသွင်ကူးပြောင်းမှုနှင့် ငြိမ်းချမ်းရေးနှင့် အမျိုးသားသင့်မြတ်ရေးဖော်ဆောင်ရန်အပြုသဘောဆောင်စွာကူညီသွားနိုင်ဖို့မျှော်လင့်ပါတယ်။

ဆွေမျိုး၊ ချစ်ကြည်ရင်းနှီးသူအချင်းချင်း ကောင်းမွန်စေရန်မျှော်လင့်သလို အိမ်နီးချင်းအချင်းချင်းလည်း ကောင်းမွန်စေဖို့မျှော်လင့်ကြပါတယ်။ တရုတ်နိုင်ငံက မြန်မာနိုင်ငံယုံကြည်အားကိုးရတဲ့ အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်း၊ မိတ်ဖက်ကောင်းဖြစ်ပါတယ်။ မြန်မာနိုင်ငံတိုးတက်ကောင်းမွန်လာပါစေ။ နိုင်ငံတော်ရေရှည်တည်ငြိမ်အေးချမ်းပါစေလို့ မျှော်လင့်ကြောင်းလှိုက်လှဲစွာ ဆုမွန်ကောင်းတောင်းပေးအပ်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် NCAလက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာအသိသက်သေများ၏ကိုယ်စားလှယ် အိန္ဒိယသမ္မတနိုင်ငံ ဒုတိယအမျိုးသားလုံခြုံရေးဆိုင်ရာ အကြံပေးပုဂ္ဂိုလ် မစ္စတာ ပစ်ခရမ် မစ်ဆရီ ပြောကြားသည့် ဂုဏ်ပြုစကား



**၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ရက် နေပြည်တော်**

လေးစားအပ်ပါသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်တကွ မြန်မာနိုင်ငံအစိုးရတာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှကိုယ်စားလှယ်များ၊နိုင်ငံတကာအသိုင်းအဝိုင်းမှကိုယ်စားလှယ်များနှင့် အခမ်းအနားသို့ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား-

ယနေ့မှာ မြန်မာနိုင်ငံရဲ့သမိုင်းမှာ အထင်ကရမှတ်တိုင်တစ်ရပ်ဖြစ်တဲ့တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ချုပ်ဆိုသည့် ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ကို ဂုဏ်ပြုတဲ့အနေနဲ့ မိမိတို့ယခုကျင်းပတဲ့ အခမ်းအနားကိုတက်ရောက်လာကြတာဖြစ်ပါတယ်။တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်ချုပ်ဆိုစဉ်က နိုင်ငံတကာအသိသက်သေနိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးခွင့်ရခဲ့တဲ့အိန္ဒိယနိုင်ငံအနေနဲ့ အိမ်နီးချင်းမိတ်ဆွေနိုင်ငံဖြစ်တဲ့ မြန်မာနိုင်ငံမှာငြိမ်းချမ်းရေးနှင့် သွေးစည်းညီညွတ်မှုရှိဖို့အတွက် ကြိုးပမ်းလျှောက်လှမ်းဆောင်ရွက်နေတဲ့ခရီးလမ်းကိုအထူးပင်အလေးထားမှုရှိကြောင်း ပြောကြားလိုပါတယ်။

လွန်ခဲ့တဲ့ ရှစ်နှစ်တိတိက ယနေ့ အောက်တိုဘာ ၁၅ ရက်မှာတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ ရှစ်ဖွဲ့ကကိုယ်စားလှယ်များနဲ့ မြန်မာအစိုးရကိုယ်စားလှယ်များတွေ့ဆုံပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ကို လက်မှတ်ရေးထိုးခဲ့ကြတာဖြစ်ပါတယ်။ အဲဒီလိုလက်မှတ်ရေးထိုးခဲ့တဲ့အခါသမယဟာ NCA မှာ ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသူများအနေနဲ့ ပဋိပက္ခများကို တွေ့ဆုံဆွေးနွေးမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုတို့မှတစ်ဆင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်သွားမယ်ဆိုပြီး ကတိကဝတ်ပြုခဲ့တဲ့သက်သေအထောက်အထားတစ်ရပ်ဖြစ်ကာ မျှော်လင့်ချက်ရောင်ခြည်လည်းသန်းခဲ့ပါတယ်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ဟာ သက်ဆိုင်ရာအဖွဲ့အစည်းများအကြား အကျေအလည်ဆွေးနွေးမှုများနဲ့ ရဲဝံ့တဲ့ဆုံးဖြတ်ချက်များကြောင့် ထွက်ပေါ်လာတဲ့ရလဒ်တစ်ခုဖြစ်ပြီးမြန်မာနိုင်ငံရဲ့သမိုင်းမှာ အလွန်အရေးပါတဲ့စာချုပ်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒီစာချုပ်ကိုချုပ်ဆိုနိုင်ခြင်းဟာ မတူကွဲပြားမှုများ၊ စွဲကိုင်ထားကြတဲ့လက်နက်များကိုဘေးဖယ်ကာပိုမိုငြိမ်းချမ်းမှုရှိတဲ့ အနာဂတ်ဆီသို့ စတင်လျှောက်လှမ်းသွားလိုတဲ့ မြန်မာနိုင်ငံရှိတိုင်းရင်းသားလူမျိုးစုများရဲ့ ဘုံဆန္ဒကိုထုတ်ဖော်ပြသခဲ့ခြင်းလည်းဖြစ်ပါတယ်။

NCAဟာ စာရွက်ပေါ်မှာ လက်မှတ်ရေးထိုးခဲ့တဲ့ သဘောတူညီချက်တစ်ရပ်သာမကဘဲ မြန်မာနိုင်ငံမှာမှီတင်းနေထိုင်တဲ့ နိုင်ငံသားများအားလုံး ငြိမ်းချမ်းစွာအတူတကွ ယှဉ်တွဲနေထိုင်နေကာအကြမ်းဖက်မှုများနဲ့ ပဋိပက္ခများမှကင်းဝေးတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် တည်ထောင်လိုတဲ့ မြန်မာနိုင်ငံသားအားလုံးရဲ့မျှော်လင့်ချက်ရောင်ခြည်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒါ့အပြင် တိုင်းရင်းသားလူမျိုးစုများရဲ့ဆန္ဒများနဲ့ ရိုးရာယဉ်ကျေးမှုများကိုလေးစားမှုပြုခဲ့ရုံသာမက အလေးထားဖော်ဆောင်ပေးကာ နိုင်ငံသားတစ်ဦးတစ်ယောက်ချင်းစီတိုင်း တိုးတက်အောင်မြင်စေနိုင်မယ့် အခွင့်အလမ်းများကို ဖန်တီးပေးဖို့အတွက် မျှော်မှန်းဖော်ဆောင်ပေးခဲ့တဲ့စာချုပ်တစ်ရပ်လည်းဖြစ်ပါတယ်။

NCAစာချုပ်ရဲ့အနှစ်သာရဖြစ်တဲ့ တိုင်းရင်းသားပဋိပက္ခများနဲ့ မတူကွဲပြားမှုများကိုငြိမ်းချမ်းစွာချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး ဖြေရှင်းဆောင်ရွက်တဲ့ အလေ့အထကောင်းကိုပိုမိုပြုစုပျိုးထောင်ခြင်းဖြင့် မြန်မာပြည်သူများရဲ့ မျှော်မှန်းချက်ဆန္ဒများကိုဖော်ဆောင်ပေးသွားနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။ ဖက်ဒရယ်ဒီမိုကရေစီစနစ်ကိုကျင့်သုံးနေတဲ့ အိန္ဒိယနိုင်ငံအနေနဲ့ ငြိမ်းချမ်းစွာချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီးဖြေရှင်းဆောင်ရွက်တဲ့ မြန်မာနိုင်ငံရဲ့ NCAလမ်းကြောင်းကိုထောက်ခံပြီး ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာနဲ့ ဖက်ဒရယ်စနစ်တည်ထောင်ခြင်းဆိုင်ရာ တွေ့ဆုံဆွေးနွေးမှုများအပါအဝင် မြန်မာနိုင်ငံရဲ့ကြိုးပမ်းဆောင်ရွက်မှုများအတွက် လိုအပ်သည်များကိုအစဉ်တစိုက်ကူညီပံ့ပိုးပေးလျက်ရှိပါတယ်။

တစ်ဖက်မှာလည်းငြိမ်းချမ်းရေးကို လျှောက်လှမ်းတဲ့ ခရီးလမ်းဟာစိန်ခေါ်မှုအမြောက်အမြားနဲ့ရင်ဆိုင်ရမယ်ဆိုတာကို သတိပြုရမှာဖြစ်ပါတယ်။မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးခရီးလမ်းတစ်လျှောက်မှာအခက်အခဲများကိုရင်ဆိုင်ခဲ့ရပြီးဖြစ်သလို ရှေ့ဆက်လျှောက်လှမ်းရာမှာလည်း လက်ရှိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုအခြေအနေများအရ စိန်ခေါ်မှုများကိုဆက်လက်ရင်ဆိုင်ကျော်လွှားသွားရဦးမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံဟာ နိုင်ငံရေးအသွင်ကူးပြောင်းမှုကာလတစ်ခုကိုဖြတ်သန်းလျက်ရှိရာ ယင်းကာလမှာ NCAစာချုပ်ဟာအရေးပါတဲ့ အခန်းကဏ္ဍတစ်ရပ်အနေနဲ့ ပါဝင်နေပါတယ်။ NCAယန္တရားဟာ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံတည်ထောင်ရေးဆိုတဲ့ မြန်မာပြည်သူများရဲ့ မျှော်လင့်ချက်ဆန္ဒကိုဖော်ဆောင်ပေးနိုင်မယ့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကိုဆောင်ကြဉ်းပေးနိုင်ရေးအတွက် အထောက်အပံ့ဖြစ်စေမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာပိုမိုအားလုံးပါဝင်မှုရှိတဲ့ လူမှုအသိုင်းအဝိုင်းတစ်ရပ်ထူထောင်နိုင်ရေးခရီးလမ်းကြောင်းမှာ NCA စာချုပ်ဟာအခြေခံအုတ်မြစ်တစ်ရပ်ဖြစ်လာမှာဖြစ်ပါတယ်။

NCAစာချုပ်ဟာ မျှော်လင့်ချက်ရဲ့သင်္ကေတတစ်ရပ်ဖြစ်ပြီး ပဋိပက္ခအမှောင်တိုက်အကြားမှ ငြိမ်းချမ်းမှုထံသို့ ဦးတည်လျှောက်လှမ်းနိုင်ဖို့ အလင်းပြဖော်ဆောင်ပေးနိုင်မယ့်စာချုပ်တစ်ရပ်လည်းဖြစ်ပါတယ်။ ဒါ့ကြောင့် ပြည်သူတစ်ရပ်လုံးငြိမ်းချမ်းတည်ငြိမ်မှုရှိပြီး သာယာဝပြောစွာမှီတင်းနေထိုင်နိုင်တဲ့ ဖက်ဒရယ်ဒီမိုကရေစီနိုင်ငံကြီးတည်ထောင်နိုင်ရေး မျှော်မှန်းချက်ကိုလျှောက်လှမ်းနိုင်ဖို့အတွက် ပဋိပက္ခများကို နိုင်ငံရေးလမ်းကြောင်းအရဖြေရှင်းနိုင်ရေးကိုဦးတည်ကာ NCAယန္တရားကိုပိုမိုခိုင်မာစေဖို့၊ စာချုပ်ပါကတိကဝတ်တွေကိုလိုက်နာစောင့်ထိန်းဖို့၊ လေးနက်ပြီးအနှစ်သာရရှိတဲ့ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ဖို့အတွက် NCA စာချုပ်မှာပါဝင်လက်မှတ်ရေးထိုးထားတဲ့ အဖွဲ့အစည်းများအားလုံးကို အိန္ဒိယနိုင်ငံမှ တိုက်တွန်းတောင်းဆိုလိုပါတယ်။

ကျေးဇူးတင်ရှိပါတယ်။ မြန်မာနိုင်ငံအပါအဝင်ဒေသတွင်းမှာ ငြိမ်းချမ်းညီညွတ်မှုရှိပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင် NCAလက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံတကာအသိသက်သေများ၏ကိုယ်စားလှယ် ထိုင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး Mr.Sihasak Phuangketkeow ပြောကြားသည့် ဂုဏ်ပြုစကား



**၂၀၂၃ ခုနှစ် အောက်တိုဘာလ ၁၅ရက် နေပြည်တော်**

အဆွေတော်များနှင့် အခမ်းအနားသို့ ကြွရောက်လာကြသော လူကြီးမင်းများခင်ဗျား-

နေပြည်တော်တွင် ယနေ့ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ်အခမ်းအနားသို့ ထိုင်းနိုင်ငံအစိုးရကိုယ်စားပြုကာ မိမိအနေဖြင့် တက်ရောက်ခွင့်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါတယ်။

လွန်ခဲ့တဲ့ ရှစ်နှစ် အဆိုပါနေ့က မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်လက်မှတ်ရေးထိုးတဲ့ သမိုင်းဝင်အခမ်းအနားမှာ ထိုင်းနိုင်ငံက အသိသက်သေနိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ဆောင်ရွက်ခွင့်ရခဲ့တဲ့အတွက် ဂုဏ်ယူမိပါတယ်။ ယင်းမှာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် အရေးပါတဲ့ သမိုင်းမှတ်တိုင်တစ်ရပ်ဖြစ်ခဲ့ပါတယ်။ထိုင်းနိုင်ငံအနေနဲ့ ယင်းကဲ့သို့ NCAကနဦးအစပြုချိန်ကတည်းက အပြည့်အဝပံ့ပိုးပါဝင်ခွင့်ရခဲ့တဲ့အတွက်လည်း အထူးပင်ကျေနပ်ဝမ်းမြောက်မိပါတယ်။

သက်ဆိုင်သူများအားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးမှု လုပ်ငန်းစဉ်တစ်ရပ်မှတစ်ဆင့် တရားမျှတမှုနဲ့ ဂုဏ်သိက္ခာရှိမှု မူများကိုအခြေခံပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို အာမခံချက်ရှိစွာဖော်ဆောင်ရယူနိုင်ရေးမှာ NCAရဲ့ ရည်မှန်းချက်ဖြစ်ပါတယ်။

ထိုင်းနိုင်ငံအနေနဲ့ အဆိုပါအမြင်ကို လွန်ခဲ့တဲ့ ရှစ်နှစ်ခန့်ကတည်းကပင် အပြည့်အဝထောက်ခံအားပေးခဲ့ပါတယ်။မိမိတို့ရဲ့ထောက်ခံအားပေးမှုမှာ ယနေ့ထိတိုင် ခိုင်မြဲစွာနဲ့ တစ်သမတ်တည်း ဆက်လက်တည်ရှိနေဆဲဖြစ်ပါတယ်။

မည်သည့်နိုင်ငံတွင်မဆို ငြိမ်းချမ်းရေးကို ဦးတည်တဲ့လမ်းကြောင်းမှာ ယင်းနိုင်ငံရဲ့ ပြည်သူများကိုယ်တိုင်က ဖန်တီးဆုံးဖြတ်ရမယ်လို့ ထိုင်းနိုင်ငံအနေနဲ့ ယုံကြည်ပါတယ်။

မြန်မာနိုင်ငံရဲ့ငြိမ်းချမ်းရေးဖြစ်စဉ်ဟာလည်း ပြန်လည်သင့်မြတ်ရေးနဲ့တွေ့ဆုံဆွေးနွေးမှုများကို အခြေခံကာ မြန်မာဦးဆောင်တဲ့ မြန်မာ့ကိုယ်ပိုင်နည်းလမ်းနဲ့ဖော်ဆောင်သွားရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံနဲ့ ထိုင်းနိုင်ငံတို့ရဲ့ ငြိမ်းချမ်းရေးနဲ့သာယာဝပြောရေးတို့မှာ နီးကပ်စွာပတ်သက်ဆက်နွှယ်လျက်ရှိပါတယ်။ နယ်နိမိတ်ချင်းထိဆက်နေတဲ့ အိမ်နီးချင်းနိုင်ငံအနေနဲ့ မြန်မာနိုင်ငံနဲ့ အပြန်အလှန်နားလည်မှု၊အပြန်အလှန်လေးစားမှုနဲ့ အပြန်အလှန်အကျိုးဖြစ်ထွန်းမှုတို့ရှိတဲ့စစ်မှန်သော မိတ်ဖက်အဖြစ်ဖော်ဆောင်သွားရန် ထိုင်းနိုင်ငံ၏ကတိကဝတ်မှာလည်း ခိုင်မြဲစွာရှိနေပါတယ်။

အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသော မြန်မာနိုင်ငံသည် ထိုင်းနိုင်ငံ၏အကျိုးစီးပွားနှင့် အာဆီယံအပါအဝင် ဒေသတစ်ခုလုံး၏အကျိုးစီးပွားလည်းဖြစ်ပါတယ်။

အဆွေတော်များ၊ ဖိတ်ကြားထားသောဧည့်သည်တော်များခင်ဗျား-

ကမ္ဘာတစ်ဝန်း၌ဖြစ်ပေါ်လျက်ရှိတဲ့ အဖြစ်အပျက်များကို မျက်မြင်ကြုံတွေ့နေရချိန်မှာ ငြိမ်းချမ်းရေးနဲ့လုံခြုံရေးကို ကာကွယ်ထိန်းသိမ်းစောင့်ရှောက်သွားကြရန် အလွန်အရေးကြီးကြောင်းကို မိမိတို့အားထပ်လောင်းသတိပေးလျက်ရှိပါတယ်။ ငြိမ်းချမ်းရေးကို ဦးတည်တဲ့လမ်းကြောင်းဟာ စိန်ခေါ်မှုအမြောက်အမြားနဲ့လွယ်ကူသောကိစ္စတစ်ရပ်မဟုတ်ပါ။ ဆုံးဖြတ်ချက်၊ ရဲရင့်မှုနဲ့

စာမျက်နှာ ၂၆ သို့

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားတွင် NCA လက်မှတ်ရေးထိုးခဲ့သည့် ပြည်တွင်းအသိသက်သေများ၏ ကိုယ်စားလှယ် ပြည်ထောင်စုဝန်ကြီး (အငြိမ်းစား) ဦးအောင်မင်း ပြောကြားသည့် ဂုဏ်ပြုစကား

**၂၀၂၃ ခုနှစ် အောက်တိုဘာ ၁၅ ရက် နေပြည်တော်**




တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးခြင်းရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားကို တက်ရောက်လာကြသောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊အစိုးရအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ(NSPNC) ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်နှင့်အဖွဲ့ဝင်များ၊ ကရင်တိုင်းရင်းသားခေါင်းဆောင်ကြီး စောမူတူးစေးဖိုးနှင့်တကွ တိုင်းရင်းသားကိုယ်စားလှယ်များ၊ NCA စာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည့်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူထုလူတန်းစားအသီးသီးမှ ကိုယ်စားလှယ်များနှင့် တက်ရောက်လာကြသော ဧည့်သည်တော်ကြီးများအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။

NCA နှစ်ပတ်လည်နေ့အခမ်းအနားမှာ ကျွန်တော့်ကို စကားပြောခွင့်ပြုခဲ့တဲ့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်တကွ တာဝန်ရှိသူများကိုလည်း ကျေးဇူးတင်ရှိကြောင်း ဦးစွာပြောကြားလိုပါတယ်။

ကျွန်တော့်အနေနဲ့ NCA ဖြစ်ပေါ်လာပုံသမိုင်းကြောင်းကို အနည်းငယ်တင်ပြလိုပါတယ်။

၂၀၁၁ ခုနှစ်မှာ ဦးသိန်းစိန်ဟာ ပထမဆုံး ပြည်ထောင်စုလွှတ်တော်က ရွေးချယ်တင်မြှောက်တဲ့ နိုင်ငံတော်သမ္မတဖြစ်လာပါတယ်။ ဦးသိန်းစိန် ဦးဆောင်တဲ့ အစိုးရအဖွဲ့က -

(၁) မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခများဟာ နှစ်ပေါင်း ၇၀ ခန့် ကြာမြင့်ခဲ့ပြီးဖြစ်တယ်။

(၂) အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးဖော်ဆောင်ခဲ့ကြတယ်။ အောင်မြင်မှုများ ရရှိခဲ့တယ်။ အကြောင်းအမျိုးမျိုးကြောင့် ပျက်စီးသွားတာတွေရှိတယ်။

(၃) ဒါကြောင့် ငြိမ်းချမ်းရေးကို ထာဝရရရှိအောင် ဆောင်ရွက်ကြမယ်လို့ သန္နိဋ္ဌာန်ချခဲ့ပါတယ်။

ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရဲ့အစမှာ အပစ်အခတ်ရပ်စဲရေးကို အဓိကထားဆောင်ရွက်ခဲ့ပါတယ်။ နိုင်ငံတော်ဟာ ဒီမိုကရေစီစနစ်ကို ပြောင်းနေပြီဖြစ်လို့ အပစ်ရပ်ပြီး ဒီမိုကရေစီဘောင်ထဲအားလုံးပါဝင်လာကြရင် ငြိမ်းချမ်းရေးရလာလိမ့်မယ်လို့ ကနဦးစဉ်းစားခဲ့ပါတယ်။

ဒါပေမဲ့ အပစ်အခတ်ရပ်စဲရေးကို စတင်ကြိုးစားလာတဲ့အချိန်မှာ ငြိမ်းချမ်းရေးနဲ့ပတ်သက်ပြီး စိန်ခေါ်မှုတွေ တွေ့လာရပါတယ်။

ပထမစိန်ခေါ်မှုကတော့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အပေါ် သဘောမတူညီတဲ့အချက်တွေ ရှိနေကြတယ်။

ဒုတိယကတော့ ဒီမိုကရေစီပြောင်းလဲမှု ပြုလုပ်တဲ့အခါတိုင်းမှာ ဖြစ်ပေါ်လာတတ်တဲ့ မတည်ငြိမ်မှုတွေပဲ ဖြစ်ပါတယ်။

၂၀၁၁ခုနှစ် ကျွန်တော်တို့ အကူးအပြောင်းလုပ်ခဲ့တဲ့ပုံစံက တိုင်းပြည်ကိုအုပ်ချုပ်ခဲ့တဲ့တပ်မတော်အစိုးရကနေ ဦးဆောင်ပြီးပြောင်းခဲ့တဲ့ပုံစံဖြစ်ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဇဟိုပြုပြီးပြောင်းလဲတဲ့ပုံစံကို ဦးတည်ခဲ့ပါတယ်။

ဒါကြောင့်NCA စာချုပ်ဟာ အပစ်အခတ်ရပ်စဲရေးတစ်ခုထဲမဟုတ်ဘဲ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုအကောင်အထည်ဖော်မလဲဆိုတဲ့ လမ်းကြောင်းကို အုတ်မြစ်ချခဲ့တဲ့စာချုပ်လို့လည်း ပြောလို့ရပါတယ်။

နောက်ပိုင်းမှာ ကျွန်တော်တို့ အစိုးရစဉ်းစားခဲ့တဲ့ပုံစံကနေ အများကြီးပြောင်းလဲခဲ့တဲ့ ချဉ်းကပ်မှုအသစ်တွေတွေ့ရပါတယ်။ ၂၀၁၅ ရွေးကောက်ပွဲတွေ အပြီးမှာတော့ NCA စာချုပ်ကို အကောင်အထည်ဖော်ရမယ့်အချိန်ဖြစ်လာပါတယ်။ ရွေးကောက်ပွဲရလဒ်အရ အစိုးရအသစ်ဖြစ်လာတဲ့ NLD ပါတီအနေနဲ့လည်း စာချုပ်ကို ဆက်လက်အကောင်အထည်ဖော်ဖို့ကြိုးပမ်းခဲ့ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ ယခင် စဉ်းစားခဲ့တဲ့ ချဉ်းကပ်မှုနဲ့မတူခဲ့ပါဘူး။ ကျွန်တော်တို့က ငြိမ်းချမ်းရေးကို အခြေခံပြီးဒီမိုကရေစီအကူးအပြောင်းလုပ်မယ်ဆိုတဲ့ လမ်းကြောင်းကနေ ရွေးကောက်ပွဲရလဒ်ကို အခြေခံပြီး နိုင်ငံရေးအကူးအပြောင်းကိုလုပ်မယ့် လမ်းကြောင်းကို ပြောင်းသွားခဲ့ပါတယ်။ ငြိမ်းချမ်းရေးဖြစ်စဉ်များဟာ ဦးစားပေးအဆင့်(၁)နေရာမှ အဆင့်လျှော့ချခြင်းခံခဲ့ရပါတယ်။

NCA လက်မှတ်ရေးထိုးတဲ့နေ့က နိုင်ငံတော်သမ္မတကြီး ဦးသိန်းစိန်ပြောခဲ့တဲ့ မိန့်ခွန်းကို အမှတ်ရနေပါတယ်။ သမ္မတကြီးက NCA ရဲ့ အနှစ်သာရဟာ ဒီစာချုပ်ကို အားလုံးဝိုင်းဝန်းပြီး ဘယ်လိုအကောင်အထည်ဖော်နိုင်တယ်ဆိုတဲ့အချက်အပေါ်မှာ မူတည်လိမ့်မယ်။စာချုပ်ကို အကောင်အထည်ဖော်ကြတဲ့အခါ ဒီစာချုပ်ရဲ့ အနှစ်သာရ သဘောသဘာဝကို ဘယ်လောက် လေးလေးနက်နက်လက်ခံလဲဆိုတဲ့အချက်တွေမှာ မူတည်ပါလိမ့်မယ်လို့ ပြောသွားခဲ့ပါတယ်။

NCA စာချုပ်ဟာဆိုရင် ငြိမ်းချမ်းရေးသဘောတူညီချက်တွေရအောင် နိုင်ငံရေးဆွေးနွေးပွဲတွေ ဘယ်လိုလုပ်မလဲ၊ အပစ်အခတ်ရပ်စဲရေး ခိုင်ခံ့အောင် ဘယ်လိုလုပ်မလဲ၊ အပစ်အခတ်ရပ်စဲထားတဲ့ဒေသတွေမှာ အရပ်သားလူထုကို ဘယ်လိုအကာအကွယ်ပေးမလဲ ဆိုတာကို (peace process framework) ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကျောရိုးတစ်ရပ်ကို သဘောတူညီထားတဲ့စာချုပ်ဖြစ်ပါတယ်။

ဒီ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေဟာ အခုချိန်မှာ မပြီးပြတ်သေးပါဘူး။ ကျွန်တော်တို့ သဘောတူညီခဲ့ကြတဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်မဖော်နိုင်ခဲ့ကြသေးပါဘူး။ ငြိမ်းချမ်းရေးဖြစ်စဉ်တွေရဲ့ ဖြစ်လေ့ဖြစ်ထရှိတဲ့အတိုင်း ငြိမ်းချမ်းရေးမှာ ဒီရေတက်ချိန်၊ ကျချိန်ဆိုတာရှိတတ်ပါတယ်။ ငြိမ်းချမ်းရေး ဒီရေကျတဲ့အချိန်ကို ငြိမ်းချမ်းရေးပျက်တယ်လို့ မြင်လို့မရပါဘူး။ ငြိမ်းချမ်းရေးက ရှိနေဆဲဖြစ်ပါတယ်။

NCA စာချုပ်မှာ အင်မတန်အရေးကြီးတဲ့အချက်တစ်ခုပါရှိပြီးဖြစ်ပါတယ်။စာချုပ်ကို လက်မှတ်ရေးထိုးထားတဲ့ အစုအဖွဲ့တိုင်းဟာ ဒီမိုကရေစီနဲ့ ဖယ်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်မယ်ဆိုတဲ့အချက်ကို သဘောတူလက်ခံတာဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်ရဲ့ အနာဂတ်ကို ဘယ်လိုစနစ်မျိုးနဲ့ ထူထောင်သွားမယ်ဆိုတာကို လက်ခံပြီးဖြစ်ပါတယ်။ ဒီအချက်ဟာ မြန်မာနိုင်ငံသမိုင်းမှာ အင်မတန်အရေးပါတဲ့ နိုင်ငံရေးသဘောတူညီချက်ဖြစ်ပါတယ်။ ဒီအချက်ကို ကျွန်တော်တို့အားလုံး လက်ခံထားသရွေ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ဆက်လက်ရှင်သန်နေဦးမှာဖြစ်ပါတယ်။

NCA အလုပ်မဖြစ်ဘူးလို့ ပြောနေကြပါတယ်။ ကျွန်တော့်အမြင်ကတော့ နိုင်ငံရေးအရအဖြေရှာမှုကို ဆန့်ကျင်နေသရွေ့တော့ NCA အကောင်အထည်ဖော်မှုကို ထိခိုက်နေမှာအမှန်ဖြစ်ပါတယ်။

NCA သေဆုံးသွားပြီလို့ ပြောနေကြပါတယ်။ NCA မသေပါဘူး။ ယနေ့လုပ်တဲ့ ပွဲက သက်သေဖြစ်ပါတယ်။

၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၀ ရက် နိုင်ငံတော်ဝန်ကြီးချုပ်ရဲ့လားရှိုးမြို့ခရီးစဉ် ပြည်သူလူထုနဲ့တွေ့ဆုံပွဲမှာ မြန်မာနိုင်ငံရဲ့ ၁၉၄၈ ခုနှစ်မှ ယနေ့အထိ လက်နက်ကိုင်ပဋိပက္ခများရဲ့ သမိုင်းကြောင်းကို အသေးစိတ်ရှင်းပြခဲ့ပါတယ်။ နိုင်ငံတော်ဝန်ကြီးချုပ်က ကျွန်တော်တို့ဟာ ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းလျက်ရှိပြီး နိုင်ငံရေးအရ၊ တိုင်းရင်းသားရေးအရ၊ ဘာသာရေးအရ သဘောထားကွဲလွဲမှုများ မဖြစ်သင့်တော့ဘဲ ငြိမ်းချမ်းစွာဖြင့် ဒီမိုကရေစီနှင့်လွှတ်တော်လမ်းကြောင်းပေါ်သို့ ရောက်ရှိနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိတယ်၊ NCA စာချုပ်ကို ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်တွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာမှ အသိသက်သေများ၊ ပြည်တွင်းအသိသက်သေများရှေ့မှောက်တွင် ခမ်းနားထည်ဝါစွာ လက်မှတ်ရေးထိုးခဲ့ကြတယ်၊ Union Accord အဖြစ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးထားသည့် သမိုင်းဝင်စာချုပ်ဖြစ်ပြီး မည်သည့်အချိန်မှ ပျက်ပြယ်မှုမရှိတည်ရှိနေမည့်စာချုပ်ဖြစ်တယ်၊ တပ်မတော်အနေဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ NCA စာချုပ်အပေါ်တွင်သာ ခိုင်ခိုင်မာမာ ရပ်တည်ဆောင်ရွက်သွားမည်ဖြစ်တယ်လို့ ပြောကြားခဲ့ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ရှေ့လုပ်ငန်းစဉ် (၅)ရပ်မှာလဲ ငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်ဆိုတဲ့အချက်ကို တွေ့ရသလို နိုင်ငံရေးဦးတည်ချက်တွေမှာလည်း ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုကို တည်ဆောက်နိုင်ရေးဦးတည်ချက်ထားတာကို တွေ့ရပါတယ်။

နိဂုံးချုပ်အနေနဲ့ မြန်မာနိုင်ငံတော်ရဲ့ ဒီမိုကရေစီအကူးအပြောင်းအောင်မြင်ဖို့အတွက် NCA ကို အကောင်အထည်ဖော်နိုင်ဖို့က အရေးကြီးပါတယ်။ သို့မှသာ NCA လမ်းကြောင်းပေါ်မှာပဲ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းနဲ့ ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

ကျွန်တော်တို့အားလုံး နောင်အနာဂတ်မျိုးဆက်တွေအတွက် NCA ရဲ့ ဦးတည်ချက်ဖြစ်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာနိုင်ရေး ဝိုင်းဝန်းကြိုးစားကြဖို့ ဆန္ဒပြုတိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးကိုကျေးဇူးတင်ပါတယ်။**

---

**စာမျက်နှာ ၂၅ မှအဆက်**

ခေါင်းဆောင်မှုအရည်အချင်းတို့ လိုအပ်ပါတယ်။ ထိတွေ့ဆက်ဆံမှု၊ တွေ့ဆုံဆွေးနွေးမှုနှင့် ပြန်လည်သင့်မြတ်မှုများမှတစ်ဆင့်သာ ငြိမ်းချမ်းရေးကို အောင်မြင်စွာဖော်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရှိတဲ့ အဖွဲ့အစည်းများအားလုံးအနေနဲ့ ယခုလမ်းကြောင်းအတိုင်း ပြီးမြောက်အောင်မြင်အောင် ဆက်လက်လျှောက်လှမ်းသွားကြရန် ထိုင်းနိုင်ငံအနေဖြင့် တိုက်တွန်းအပ်ပါတယ်။မြန်မာပြည်သူများရဲ့အကျိုးစီးပွားအတွက် ရှေ့ဆက်ဆောင်ရွက်သွားရမည့်နည်းလမ်းများ ရှာဖွေကြရာတွင် အဖွဲ့အစည်းများအားလုံးအနေဖြင့် ကြံ့ကြံ့ခံပြီး ရှေ့ဆက်ကြုံတွေ့ရမည့်စိန်ခေါ်မှုများကို ကျော်လွှားသွားကြပါရန်တိုက်တွန်းအပ်ပါတယ်။

ထိုင်းနိုင်ငံအနေဖြင့် လွန်ခဲ့သည့်ရှစ်နှစ်က NCA ၏ ရည်မှန်းချက်ပန်းတိုင်နဲ့ ရည်ရွယ်ချက်တို့အပေါ် ခိုင်မာစွာယုံကြည်ခဲ့သည့်မှာ ယနေ့ထက်တိုင်ရှိကြောင်းကို အဆွေတော်တို့အား စိတ်ချယုံကြည်နိုင်ကြောင်း ပြောကြားပါတယ်။

မြန်မာပြည်သူများနဲ့ တစ်နိုင်ငံလုံးရဲ့ ငြိမ်းပြသောစိတ်ဆန္ဒပြည့်မြောက်စေရန်အတွက် သက်ဆိုင်သူများအားလုံး ထိတွေ့ဆက်ဆံမှုများမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဦးတည်သည့် လမ်းကြောင်းပေါ်သို့ မြန်မာနိုင်ငံ အောင်မြင်စွာ လျှောက်လှမ်းသွားနိုင်ရန် ဆုမွန်ကောင်းတောင်းလျက် နိဂုံးချုပ်အပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က စီစဉ်ချီးမြှင့်သည့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက်နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ဖူးမြော်ကြည်ညိုကြပြီး အမှတ်တရဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး နိုင်ငံတော်ဝန်ကြီးချုပ်က စီစဉ်ချီးမြှင့်သည့်ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ကြသည်။

ဦးစွာ ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များသည် နေပြည်တော်ဒက္ခိဏသီရိမြို့နယ်၌ တည်ထားကိုးကွယ်ပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ရောက်ရှိကြပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြကာ ရင်ပြင်တော်ပတ်လည်ရှိ စကျင်ကျောက်များဖြင့် အနုပညာလက်ရာကွဲပြားစွာတည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက် ၂၄ ဆောင်တို့ကိုစိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က Hotel Max ၌ စီစဉ်ချီးမြှင့် ဆောင်ရွက်ပေးသည့် ညစာစားပွဲသို့ ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်စဉ်။

ထို့နောက် ယဉ်ကျေးမှုအကအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊အဋ္ဌကထာဋီကာကျမ်းစာများကို စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများအသုံးပြု၍ ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ထွင်းထုထည့်သွင်းတည်ဆောက်ထားသည့် ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့်နဂါးရုံဘုရားတို့ကိုလည်း စိတ်ဝင်စားစွာဖူးမြော်လေ့လာကြည်ညိုကြပြီး နေပြည်တော် Junction Centreနှင့် ရေပန်းဥယျာဉ်တို့ကို သွားရောက်လေ့လာကြည့်ရှုကြသည်။

ညပိုင်းတွင် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကအဖွဲ့များသည် ယနေ့တွင်ပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့် အနုသုခုမပညာမြောက်စွာ တင်ဆက်ဖျော်ဖြေနိုင်ခဲ့မှုကို ဂုဏ်ပြုသောအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က Hotel Max ၌ စီစဉ်ချီးမြှင့်ဆောင်ရွက်ပေးသည့် ညစာစားပွဲသို့တက်ရောက်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ဂုဏ်ပြုညစာကိုအတူတကွ ရင်းနှီးစွာသုံးဆောင်ခဲ့ကြသည်။

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကများဖြင့်ဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ယဉ်ကျေးမှုအကအဖွဲ့နှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အကအဖွဲ့များတွင် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနတို့မှ ရိုးရာယဉ်ကျေးမှုအကအဖွဲ့များ၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့်ရှမ်းပြည်နယ်တို့မှတိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ ပါဝင်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

# တပ်မတော်တွင် စတုတ္ထအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း(ဒုတိယနေ့) ဆက်လက်ဆောင်ရွက်



တပ်မတော်မှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့နှင့် အိန္ဒိယနိုင်ငံမှ အသည်းအစားထိုးခွဲစိတ်ကုသမှုအဖွဲ့တို့ပူးပေါင်း၍ အသည်းအစားထိုးခွဲစိတ်ကုသစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

တပ်မတော်တွင် စတုတ္ထအကြိမ်အသည်းအစားထိုးခွဲစိတ်ကုသမှုဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံကြီး(ခုတင်-၁၀၀၀) အထူးကုစင်တာ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအသည်းအစားထိုးခွဲစိတ်ကုသမှုတွင် လူနာ ဒေါ်ညိုညိုထွေးနှင့် တူဖြစ်သူ အသည်းအလှူရှင် ကိုနိုင်လင်းတို့ကို ခွဲစိတ်ကုသခဲ့ခြင်းဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၈ နာရီခွဲတွင်စတင်ခဲ့ပြီး ထုတ်ယူရရှိသော အသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့်ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင် လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သောပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု၊ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှတာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

# တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ



နေပြည်တော် အောက်တိုဘာ ၁၅

တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) (၈)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ် အလုပ်ရုံဆွေးနွေးပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂)၌ ကျင်းပပြုလုပ်သည်။

အလုပ်ရုံဆွေးနွေးပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု လုပ်ငန်းကော်မတီနှင့် ညှိနှိုင်းရေးကော်မတီအဖွဲ့ဝင်များ၊ NCA လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (၇)ဖွဲ့မှခေါင်းဆောင်များ၊ NCA ဖြစ်ပေါ်လာရေး ကြိုးပမ်းဆောင်ရွက်ပေးခဲ့ကြသည့် တပ်မတော်အရာရှိကြီးများ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီမှ အရပ်သား ကိုယ်စားလှယ်များ၊ မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေး ပါတီ ၃၇ ပါတီမှ ကိုယ်စားလှယ်များ၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်လျက်ရှိသည့် အသိပညာရှင်၊ အတတ်ပညာရှင်များနှင့် လေ့လာသူ တက္ကသိုလ်ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်လာကြသူများက “NCA မှသည် စဉ်ဆက်မပြတ် ဆက်လက်ဆောင်ရွက်ရမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ” ခေါင်းစဉ်ဖြင့် ဆွေးနွေးကြရာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ ရှေ့ဆက်လက်ဆောင်ရွက်သင့်သည့် အကြံပြုချက်များ၊ စိန်ခေါ်မှုများ၊ အားသာချက်နှင့် အားနည်းချက်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး မင်းနိုင်က ဆွေးနွေးချက်များမှရရှိလာသည့်သဘောထားများကို ပြန်လည်စုစည်းဆွေးနွေးပြီး အလုပ်ရုံဆွေးနွေးပွဲကို ရုပ်သိမ်းလိုက်သည်။

အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူအားလုံးက ဆွေးနွေးချက်များအရ ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ တက်ရောက်လာခြင်း မရှိသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေးစားပွဲဝိုင်းသို့ တက်ရောက်ဆွေးနွေးစေလိုပြီး နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန် တောင်းဆိုခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တတိယအကြိမ် World Construction Championship သို့ တက်ရောက်ရန် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် အောက်တိုဘာ ၁၅**

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆောက်လုပ်ရေးနှင့် အိုးအိမ်ဝန်ကြီးဌာန၏ ဖိတ်ကြားမှုအရ စိန့်ပီတာစဘတ်မြို့တွင် အောက်တိုဘာ ၁၇ ရက်မှ ၂၀ ရက်ထိ ကျင်းပမည့် တတိယအကြိမ် World Construction Championship သို့ တက်ရောက်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ထွက်ခွာသည်။

အဆိုပါကိုယ်စားလှယ်အဖွဲ့ကို ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးလှထွန်းဦးနှင့် တာဝန်ရှိသူတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာစဘတ်မြို့တွင် ကျင်းပမည့် တတိယအကြိမ် World Construction Championship သို့ ဖိတ်ကြားထားသည့် နိုင်ငံတကာမှ ဆောက်လုပ်ရေးဝန်ကြီးများ၊ ဆောက်လုပ်ရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် နယ်ပယ်များမှ ကျွမ်းကျင်ပညာရှင်များ၊ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ကျောက်တော်မြို့နယ် ခပေါ်ကျေးရွာ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၅**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ခပေါ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ သာသနာပြု ဘုန်းတော်ကြီးကျောင်းတိုက်မှာရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူ ၁၀၅ ဦးတို့ကို နှလုံးရောဂါ၊ အရေပြားရောဂါ၊ သွေးတိုးရောဂါ၊ဆီးချိုရောဂါ၊အရိုးအကြောရောဂါ၊ ကလေးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို နယ်မြေခံတပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဒေသခံပြည်သူများအား အာဟာရဖြည့်စားသောက်ဖွယ်ရာများပေးအပ်သည်။

ထို့နောက် တာဝန်ရှိသူများသည် ခပေါ်ကျေးရွာ သာသနာပြုကျောင်းတိုက်ဆရာတော်အား ဖူးမြော်၍ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။



**အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ထောက်ခံမှု၊ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့်အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတည်ဆောက်နေသော ဘင်္ဂလားဒေ့ရှ်

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် တိုင်းပြည်၏ပထမဆုံးသော နျူကလီးယားစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံတွင် လောင်စာအဖြစ်အသုံးပြုသွားမည့် ရုရှားနိုင်ငံမှပထမဆုံးသော ယူရေနီယံလောင်စာသဘော်ကို အောက်တိုဘာ ၅ ရက်၌ လက်ခံရရှိခဲ့သည်။ ရုရှား၏အကူအညီဖြင့်၎င်းစက်ရုံကို တည်ဆောက်နေဆဲဖြစ်ပြီး အလုံးစုံတပ်ဆင်ပြီးချိန်တွင် ဘင်္ဂလားဒေ့ရှ်ရှိ အမျိုးသားလျှပ်စစ်ဓာတ်အားလိုင်းများ၏စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည့်အပြင် တောင်အာရှနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုသွားမည်ဖြစ်သည်။

Rooppur လျှပ်စစ်ဓာတ်အားပေးစက်ရုံသည် လျှပ်စစ်စွမ်းအင် မဂ္ဂါဝပ် ၂၄၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး အင်ဂျင်နှစ်လုံး တပ်ဆင်သွားမည့်စက်ရုံအပြည့်အဝလည်ပတ်ချိန်၌ အိမ်ထောင်စု ၁၅ သန်းခန့်ကို လျှပ်စစ်ဓာတ်အားပေးနိုင်မည်ဖြစ်သည်။ ၎င်းစက်ရုံကို ရုရှားနိုင်ငံပိုင် နျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်းဖြစ်သည့် Rosatom က တာဝန်ယူတည်ဆောက်နေခြင်းဖြစ်သည်။ ရုရှားသည် စက်ရုံတည်ဆောက်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ရန်ပုံငွေ အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၃၈ ဘီလီယံ ထုတ်ချေးခဲ့ပြီး ၂၀၂၇ ခုနှစ်မှစ၍ နှစ် ၂၀ အတွင်း ပြန်လည်အကျေပေးဆပ်ရမည်ဖြစ်သည်။

Rooppur နျူကလီးယားဓာတ်အားပေးစက်ရုံသည် လျှပ်စစ်စွမ်းအင် စတင်ထုတ်လုပ်သည့်အချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် နျူကလီးယားဓာတ်ပေါင်းဖိုများလည်ပတ်လျက်ရှိသည့် နိုင်ငံပေါင်း ၃၀ ကျော်နှင့် ချိတ်ဆက်ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စက်တင်ဘာလနှောင်းပိုင်းကရောက်ရှိခဲ့သော ယူရေနီယံများကို အောက်တိုဘာ ၅ ရက်တွင် မြောက်ပိုင်း Pabna ခရိုင်ရှိ စက်ရုံတည်ရှိရာ Ishwardi ၌ အာဏာပိုင်များကိုအခမ်းအနားဖြင့် လွှဲပြောင်းပေးခဲ့ခြင်းဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ်ရှိတ်ဟာဆီနာနှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် အဆိုပါအခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် ပူးတွဲတက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် ရုရှားသမ္မတ ပူတင်က နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံ စတင်လည်ပတ်ချိန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ စွမ်းအင်လိုအပ်ချက် ၁၀ ရာခိုင်နှုန်းခန့်ကို ဖြည့်ဆည်းပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံတည်ဆောက်ရေးလုပ်ငန်းခွင်တွင် လူဦးရေ ၂၀၀၀၀ ကျော် အလုပ်လုပ်နေကြောင်းနှင့် လူဦးရေ ၁၀၀၀ ကျော်ကိုလည်း စက်ရုံကိုင်တွယ်မောင်းနှင်နိုင်ရေးအတွက် လေ့ကျင့်သင်တန်းပေးလျက်ရှိကြောင်း၊ မိမိတို့အနေဖြင့် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံတစ်ခုတည်းသာ တည်ဆောက်ပေးနေခြင်းမဟုတ်ဘဲ အဏုမြူစွမ်းအင်သုံး စက်မှုလုပ်ငန်းတစ်ခုလုံးကို တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။ ဘင်္ဂလားဒေ့ရှ်ဝန်ကြီးချုပ် ရှိတ်ဟာဆီနာကလည်း ရုရှားနိုင်ငံအနေဖြင့် Rooppur နျူကလီးယားဓာတ်အားပေးစက်ရုံမှ အသုံးပြုပြီးသော လောင်စာများကို ပြန်လည်ယူဆောင်ရန် ကတိကဝတ်



ပြုထားကြောင်းနှင့် နျူကလီးယားစွမ်းအင်သုံး ဓာတ်အားပေးစက်ရုံကို သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် ဘေးကင်းလုံခြုံစွာ တည်ဆောက်ထားရှိကြောင်း ၎င်း၏နိုင်ငံကို အာမခံချက်ပေးသွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ် သတင်းအေဂျင်စီတစ်ခု၏ အဆိုအရ Rosatom အကြီးအကဲ အလက်စီးလီခါချဗ်သည် ယူရေနီယံလောင်စာများကို ဘင်္ဂလားဒေ့ရှ်သိပ္ပံနှင့်နည်းပညာဝန်ကြီး ယာဖက်ရှ်အိုစမန်ထံသို့ လွှဲပြောင်းပေးခဲ့သည်ဟုဆိုသည်။ သို့သော် အဆိုပါသတင်းအေဂျင်စီသည် ရုရှားမှတင်ဆောင်လာသော ယူရေနီယံပမာဏအသေးစိတ်ကိုမူ ဖော်ပြခဲ့ခြင်းမရှိပေ။ နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီအကြီးအကဲဖြစ်သူ ရာဖဲလ်မာရီယာနိုဂရော့စီလည်း အဆိုပါအခမ်းအနားသို့ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ခဲ့သည်။

ဘင်္ဂလားဒေ့ရှ် သိပ္ပံနှင့်နည်းပညာဝန်ကြီး ယာဖက်ရှ်အိုစမန်က Rooppur နျူကလီးယားဓာတ်အားပေးစက်ရုံမှ ပထမဆုံးစက်တစ်လုံးသည် ၂၀၂၄ ခုနှစ် ဇူလိုင်လတွင် စတင်လည်ပတ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယစက်တစ်လုံးသည် ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် လည်ပတ်သွားမည်ဖြစ်ကြောင်း၊ ယခုရောက်ရှိလာသော လောင်စာများသည် နျူကလီးယားဓာတ်ပေါင်းဖိုကို တစ်နှစ်လည်ပတ်နိုင်စေမည်ဖြစ်ကြောင်း၊ ထို့နောက် လိုအပ်သော ယူရေနီယံလောင်စာများကိုလည်း ထပ်မံတင်သွင်းသွားမည်ဖြစ်ကြောင်း ပြောကြားသွားခဲ့သည်။

ယူရေနီယံများကို ရုရှားနိုင်ငံ နိုဘိုဆီဘရစ်ဓာတုသန့်စင်ရေးစက်ရုံ၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ ၎င်းစက်ရုံသည် Rosatom ၏ လောင်စာထုတ်လုပ်မှုကုမ္ပဏီ TVEL ၏ လက်ခွဲစက်ရုံတစ်ခုဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နှင့်ရုရှားတို့သည် အစဉ်အလာအားဖြင့် ကောင်းမွန်သောဆက်ဆံရေးများကို ဆက်လက်ထိန်းသိမ်းထားရှိပြီး ၂၀၂၂ ခုနှစ်တွင် စတင်ဖြစ်ပွားခဲ့သော ယူကရိန်းပဋိပက္ခကြောင့် နှစ်နိုင်ငံဆက်ဆံရေးမှာ ပြောင်းလဲမှုတစ်စုံတစ်ရာမျှမရှိခဲ့ပေ။ ဘင်္ဂလားဒေ့ရှ်သည် နျူကလီးယားစွမ်းအင်စက်မှုလုပ်ငန်း၊ ကုန်သွယ်မှု၊ ဘဏ္ဍာရေးနှင့် အခြားသောကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ရုရှားနှင့် ကန်ထရိုက်စာချုပ်တချို့ လက်မှတ်ရေးထိုးထားရှိသည်။

အမှန်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် သဘာဝဓာတ်ငွေ့အပေါ် မှီခိုနေရမှု လျှော့ချသွားရန်စီစဉ်လျက်ရှိသည်။ လက်ရှိအချိန်တွင် သဘာဝဓာတ်ငွေ့သည် တိုင်းပြည် လျှပ်စစ်စွမ်းအင်ထုတ်လုပ်မှုစုစုပေါင်း၏ ၅၀ ရာခိုင်နှုန်းခန့်ရှိနေသည်။ ထို့ပြင် ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် ၂၀၄၁ ခုနှစ်တွင် တိုင်းပြည်၏လျှပ်စစ်စွမ်းအင် ၄၀ ရာခိုင်နှုန်းခန့်ကို ဆိုလာ၊ လေနှင့်ရေအားလျှပ်စစ်တို့မှ ထုတ်လုပ်သွားရန် ရေရှည်စီမံကိန်းချမှတ်ထားသကဲ့သို့ ကျောက်မီးသွေးသုံးလျှပ်စစ်စွမ်းအင်စက်ရုံများ တည်ဆောက်သွားရန်လည်း စီစဉ်ထားရှိသည်။

ဘင်္ဂလားဒေ့ရှ်နှင့် ရုရှားတို့သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၇၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် စတင်ထူထောင်ခဲ့သည်။ ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီး နောက်ပိုင်းကာလများတွင်လည်း ကောင်းမွန်သော နှစ်နိုင်ငံဆက်ဆံရေးကို ဆက်လက်ထိန်းသိမ်းထားရှိသည်။ ရုရှားနိုင်ငံသည် ဒါကာတွင်သံရုံး ဖွင့်လှစ်ထားသကဲ့သို့ ဘင်္ဂလားဒေ့ရှ်အနေဖြင့်လည်း မော်စကိုတွင် သံရုံးဖွင့်လှစ်ထားရှိသည်။ နှစ်နိုင်ငံသည် စစ်ရေး၊ စီးပွားရေးနှင့်နိုင်ငံရေးဆိုင်ရာ ဆက်ဆံရေးတို့တွင် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လက်ရှိအချိန်တွင် ရုရှားနိုင်ငံသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် နျူကလီးယားဓာတ်ပေါင်းဖို တည်ဆောက်ပေးခြင်းအားဖြင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုခိုင်မာအားကောင်းလာစေရန် လုပ်ဆောင်လျက်ရှိသည်။ မည်သို့ပင်ဆိုစေ ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် Rooppur နျူကလီးယားစွမ်းအင်သုံးဓာတ်အားပေးစက်ရုံတည်ဆောက်ပြီးချိန်တွင် တိုင်းပြည်၏လျှပ်စစ်စွမ်းအင်လိုအပ်ချက်ကို အတိုင်းအတာတစ်ခုထိ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်သကဲ့သို့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုလည်း အထောက်အကူပြုလာနိုင်ပေသည်။ ထို့ကြောင့် လျှပ်စစ်စွမ်းအင်သည် တိုင်းပြည်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသောအခန်းကဏ္ဍမှပါဝင်လျက်ရှိသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် နျူကလီးယားစွမ်းအင်အပါအဝင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များထုတ်လုပ်နိုင်ရေး ကြိုးဆောင်ရွက်သွားသင့်ပေသည်။

**ကိုးကား**

- **Bangladesh Gets First Uranium Shipment From Russia for Its Moscow-built Nuclear Power Plant by The Diplomat.**

**ဝင်းဇင်(သုတေသန)**

# ကျိုက်လတ်မြို့နယ် ကွန်ပလိုင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု စစ်ဆေး

**ကျိုက်လတ် အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ကွန်ပလိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်လတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရရှိန်နှင့် ဝန်ထမ်းများက ကျေးရွာစီမံကိန်းတာဝန်ခံများနှင့်အတူ ကွန်ပလိုင်းကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာစီမံကိန်းလုပ်ငန်းများ ရေရှည်ကောင်းမွန်စွာအသုံးပြုနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ကွန်ပလိုင်းကျေးရွာ၌ လမ်းအရှည် ပေ ၄၀၂၀၊ အကျယ် နှစ်ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၅၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၁၈၀ အသုံးပြု၍ မြို့နယ် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ အင်ဂျင်နီယာဝန်ထမ်းများ၏ ကြီးကြပ်မှု၊ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဩဂုတ်လ ပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ လုပ်ငန်းများပြီးစီးမှုကြောင့် ကျေးရွာနေပြည်သူများ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုရေးကိစ္စများအတွက် သွားလာရာတွင် အဆင်ပြေ ချောမွေ့တော့မည်ဖြစ်ကြောင်း ကျိုက်လတ် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။



**ဖြူလေး**

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

# မော်လမြိုင်ကျွန်းမြို့နယ်တွင် စပါးကြမ်းတင်း ၁၀၀ လျှင် ငွေကျပ် ၁၇၀၀၀၀၀ ထိ ဈေးကောင်းရရှိလာ



**မော်လမြိုင်ကျွန်း အောက်တိုဘာ ၁၅**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်တွင် စပါးကြမ်း တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၀၀၀၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ဆန်စပါးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဦးထက်ဆန်းက ပြောပြ၍ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်တွင် အောက်တိုဘာလအတွင်းက နွေစပါးလက်ကျန်များအရောင်းအဝယ်ဖြစ်နေသည့်ကာလဖြစ်ပြီး ပြီးခဲ့သည့် စက်တင်ဘာလအတွင်းက စပါးကြမ်းအုပ်စုတွင် ပါဝင်သည့် ထိုင်းဘေးကျား၊ ရက် ၉၀၊ ဆင်းသုခ၊ ပခမ်း၊ သီးရင်၊ မော်ဘီစသည့်စပါးအမျိုးအစား တင်း ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ သာဈေးရှိခဲ့ပြီး လက်ရှိ အောက်တိုဘာလပထမပတ်မှ ယနေ့ထိ ရက် ၉၀၊ ဆင်းသုခ၊ ပခမ်း၊ သီးရင်၊ မော်ဘီစသည့် စပါးအမျိုးအစား တင်း ၁၀၀ လျှင် ငွေကျပ် ၁၇၀၀၀၀၀ ထိ ဈေးကောင်း ရရှိနေကြောင်း သိရသည်။

"အခုနှစ် စပါးဈေးကကောင်းနေတယ်။ မနှစ်ကထက်လဲ ဈေးကောင်းနေသလို ပြီးခဲ့တဲ့လကထက်လဲ ဈေးကောင်းနေတယ်။ အခု စပါးပွဲစားတွေ၊ ကုန်သည်တွေက သိုလှောင်ထားတဲ့တောင်သူတွေ၊ ပွဲစားတွေထိ လာရောက်ဝယ်ယူနေပါတယ်။ လက်ကျန်နွေစပါးတွေ နည်းပါးနေပြီး စပါးအသစ်တွေ မပေါ်သေးတာကြောင့် စပါးက ဈေးကောင်းရနေတာဖြစ်ပါတယ်။ စပါးဈေးကောင်းလာသလို အရောင်းအဝယ်ကလဲသွက်နေတယ်။ ဒီဘက်ဒေသကစပါးတွေ ရန်ကုန်မြို့ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်"ဟု ဦးထက်ဆန်းက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် စပါးမျိုးများကို ကုန်သည်များ၊ ပွဲရုံလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန်မြို့နှင့် ပုသိမ်မြို့သို့ ကုန်တင်ကားများ၊ ကုန်တင်ရေယာဉ်များဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါစပါးကြမ်းများ အရောင်းအဝယ်ကောင်းပြီး ဈေးကောင်းရလာခြင်းကြောင့် ကုန်သည်များ၊ တောင်သူများ၊ ပွဲစားများ၊ ပွဲရုံလုပ်ငန်းရှင်များ၊ ကုန်ထမ်းလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်တွင်းကြီးမြို့နယ် ချောင်းနက်(န)ကျေးရွာတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုစစ်ဆေး

**တောင်တွင်းကြီး အောက်တိုဘာ ၁၅**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် တောင်တွင်းကြီးမြို့နယ် ချောင်းနက်ကျေးရွာအုပ်စု ချောင်းနက်(န)ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် ဆောင်ရွက်လျက်ရှိသော ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချောင်းနက်(န)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်းအချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

ချောင်းနက်(န)ကျေးရွာတွင် လမ်းအရှည် ၃၃၀၆ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းပံ့ပိုးရန်ပုံငွေကျပ် ၁၅ သိန်းနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေကျပ်တစ်သိန်း စုစုပေါင်းငွေကျပ် ၁၆ သိန်းအသုံးပြု၍ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာပံ့ပိုးမှုဖြင့် ကျေးရွာနေပြည်သူလူထုကိုယ်တိုင် ယခုနှစ် စက်တင်ဘာလပထမပတ်မှ ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၅၀ ရာခိုင်နှုန်းခန့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးပါက ချောင်းနက်(န)ကျေးရွာရှိ အိမ်ခြေ ၆၂၅ အိမ်၊ လူဦးရေ ၂၃၇၄ ဦးတို့ ရာသီမရွေး သွားလာရလွယ်ကူလာမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခုတ်မွန်းလျှန်ထံမှ သိရသည်။

**နှင်းယဉ်**

❖ ဒီမိုကရေစီစနစ်ဆိုသည်မှာ ပြည်သူများကိုယ်တိုင်က ရွေးချယ်သည့် ပြည်သူ့ကိုယ်စားလှယ်များက ပြည်သူများကိုယ်စား တာဝန်ယူ၊ တာဝန်ခံပြီး အုပ်ချုပ်သည့်စနစ်ပင်ဖြစ်...

❖ ဖက်ဒရယ်စနစ်ဆိုသည်မှာ ပြည်ထောင်စုအတွင်း တိုင်းဒေသကြီးများ၊ ပြည်နယ်များတွင် အတူယှဉ်တွဲနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများကို စုစည်းလုပ်ကိုင်ရာတွင် လုပ်ပိုင်ခွင့်များကို ခွဲဝေကျင့်သုံးသည့် အယူအဆသဘောတရားဖြစ်ပြီး ပေါင်းစည်းနေထိုင်ခြင်း၊ မျှဝေခံစားခြင်းပင်ဖြစ်...

❖ ထို့ကြောင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုဟုဆိုကြရာတွင် ပြည်ထောင်စုအတွင်းရှိ တိုင်းရင်းသားပြည်သူများ အတူတကွပေါင်းစည်းနေထိုင်ပြီး တိုင်းဒေသကြီး၊ပြည်နယ်များအလိုက် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် လုပ်ပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခွဲဝေကျင့်သုံးသွားကြရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် မေ ၂၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ ငါးနှစ်သင်တန်းအမှတ်စဉ်(၅) ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံအမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထား လုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိက စွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့

## တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် Mr. Deng Xijun ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၅**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ခဲ့သည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ရှစ်နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်ခဲ့သော တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် **Mr. Deng Xijun** ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံးညွှန်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီဝင် ပြည်ထဲရေးဝန်ကြီးဌာန **စာမျက်နှာ ၂၀ ကော်လံ ၁** ☆

